မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃ဖြဌ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၈၁)

မျိုးချစ်စိတ်ဓာတ်နဲ့ ခိုင်ခိုင်မာမာ စည်းလုံးညီညွတ်နေမယ်ဆိုရင် မည်သည့်အန္တရာယ်မျိုးကိုမဆို တွန်းလှန်နိုင်

တိုင်းသူပြည်သားအားလုံးဟာ မျိုးချစ်စိတ်ဓာတ်နဲ့ ခိုင်ခိုင်မာမာ စည်းလုံးညီညွတ် နေမယ်ဆိုရင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စိတ်ချရမှာဖြစ်တဲ့နည်းတူ နိုင်ငံတော်အပေါ် ကျရောက်လာမယ့် မည်သည့်အန္တရာယ်မျိုးကိုမဆို တွန်းလှန်နိုင်မှာဖြစ်၊ မိမိကိုယ်မိမိ အားမကိုးဘဲ သူတစ်ပါးရဲ့သစ္စာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ခံယူမယ်ဆိုရင် နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာဟာ လက်လွတ်ဆုံးရှုံးသွားမှာဖြစ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အတတ်ပညာဆိုင်ရာ ခေါင်းဆောင်မှုကိုရရှိရန် ထိုးထွင်းကြံဆမှုနှင့် တီထွင်လုပ်ကိုင်နိုင်မှု အရေးကြီးသိပ်ပြီပညာရှင်၊ နည်းပညာရှင်များဖြစ်အောင် သုတေသနလုပ်ငန်းများကို စွဲစွဲလမ်းလမ်းလုပ်ကိုင်

နိုင်ငံတော်က အားထားရသည့် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်

နေပြည်တော် ဒီဇင်ဘာ ၁၉

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ တပ်မတော်သား အင်ဂျင်နီယာခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်တဲ့အတွက် အခြေခံအားဖြင့် တပ်မတော်သားကောင်း ဖြစ်ကြရမယ်။ ဒါ့အပြင် ခေတ်မီတပ်မတော်တည်ဆောက်ရေးတာဝန်နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးတာဝန်အတွက် အားထားလောက်တဲ့ အင်ဂျင်နီယာအတတ်ပညာရှင်တွေလဲ ဖြစ်ကြရမယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အသံလင်း
Established 1914
အယ်ဒီတာ အာဟော်
(၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်)

လူသားမျိုးနွယ်အစ မြန်မာကာအဆင့်
ကျောက်ဖြစ်ရုပ်ကြွင်းများ ခိုင်မာစွာအထောက်အကူပြု

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ ပညာရှင်များပူးပေါင်း၍ မကွေးတိုင်း မြို့ငြိမ့်နယ် ဗဟင်းကျေးရွာ၊ မန်ကျည်းကန်ကျေးရွာ၊ ပေါက်ကောင်းကျေးရွာ ပတ်ဝန်းကျင်ရှိ ပေါက်ကောင်း ကျစ်ချောင်များ၌ ယခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ဒီဇင်ဘာလစရက်နေ့အထိ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာမှုကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များမှ ဘူမိဗေဒပညာရှင်များနှင့်အတူ ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေးလုပ်ငန်းကို ၁၉၉၇ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်ခဲ့သည်။

မြန်မာ–ပြင်သစ် ပူးပေါင်းလေ့လာရေးအဖွဲ့ဝင်များသည် မြို့ငြိမ့်နယ် ဗဟင်းကျေးရွာနှင့် မန်ကျည်းကန်ကျေးရွာတို့၌ ဒီဇင်ဘာလဝရက်နေ့နှင့် ၄ရက်နေ့တို့တွင် ရှာဖွေတူးဖော်ရာ အမ်ဖီးဝီးသီးစစ်မျိုးရင်းဝင် ပရိုင်းမိတ်မျိုးစိတ်၏ အပေါ်အံသွားလွတ် တစ်ချောင်း၊ ရှေ့အံသွားအမှတ်(၃)နှင့်(၄) သွားလွတ်နှစ်ချောင်း၊ ဘယ်ဘက်ပေါင်ရိုး အပိုင်းအစတို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပူးပေါင်းလေ့လာရေးအဖွဲ့သည် ပရိုင်းမိတ်များနှင့်အတူ ပေါက်ဖွားကျက်စားနေထိုင်ခဲ့ကြသော ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြသည့် တောင်ဆိတ်မူလမျိုးနွယ်၏ မေးရိုးနှင့်သွားများ၊ ဝက်မူလမျိုးနွယ်၏ အံသွားအလွတ်များနှင့် အသားစားမူလမျိုးနွယ်၏ သွားအလွတ်များကို ရှာဖွေစုဆောင်းနိုင်ခဲ့ကြသည်။

ပြင်သစ်နိုင်ငံပညာရှင်များသည် မြန်မာနိုင်ငံ၌ ၁၉၉၈ခုနှစ်မှစ၍ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ခုနှစ်ကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကွင်းဆင်းလေ့လာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုရရှိခဲ့ပြီး ရုပ်ကြွင်းများ ထပ်မံရှာဖွေတွေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်သန်းပေါင်းငှဝ ခန့်ကစပြီး ပုံတောင်ပုံညာဒေသ၌ လူတူသတ္တဝါ ပရိုင်းမိတ်များ ဖြစ်တည်ခဲ့သည် ဆိုသောအချက်ကို အခိုင်အမာအတည်ပြုနိုင်ခဲ့ကြသည်။ ထို့အပြင် ဓောတ်အဆက်ဆက် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိခြင်းဖြင့် မြန်မာနိုင်ငံ၌ ကျောက်ဓောတ်ယဉ်ကျေးမှု ပေါ်ထွန်းခဲ့သည်ကို အခိုင်အမာ ပြောဆိုနိုင်ပေသည်။

သို့ဖြစ်ရာ မြန်မာ–ပြင်သစ် ပညာရှင်များပူးပေါင်း၍ ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနလုပ်ငန်းများ အောင်မြင်မှုရရှိခဲ့ပြီး ထပ်မံတွေ့ရှိသည့် စိတ်ဝင်စားဖွယ်ရာ ကျောက်ဖြစ်ရုပ်ကြွင်းများသည် လူသားမျိုးနွယ်အစ မြန်မာနိုင်ငံကဟူသောအဆိုကို ပိုမိုခိုင်မာစွာ အထောက်အကူပြုလျက်ရှိကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပသနာအဖွဲ့ ချုပ် ဒါပ ၁၀ ရက် အထူးစခန်းဖွဲ့

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ပိပသနာအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ်မဟာပဒေသာ ဝါပ ၁၀ ရက် ဇန်နဝါရီ ပထမပတ်ကို ဒီဇင်ဘာ ၃၀ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို အောင်ဆန်းတပ်ဦးကျောင်းဆရာတော် ပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓဘဉ္ဇာရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူများ ဒီဇင်ဘာ၂၀ရက်တွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ ကျေးဇူးကိုအထူးသိစွာဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် ဇန်နဝါရီ၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမွေ့ရှုံ့၌ ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း–၅၀၃၉၀၄၊ ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း–၅၀၃၁၄၇၊ ဦးအုန်းမြင့်(ကျောင်းအုပ်ကြီး၊ ငြိမ်း) ဖုန်း–၀၉–၈၀၂၁၉၄၊ ဒေါတင်တင်ရှ ဒုတိယညွှန်ကြားရေးမှူး(သင်ရိုး) (DEPT) ဖုန်း–၅၅၇၃၀၉၊ ဦးအောင်သွင် လ/ထညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း–၅၄၉၀၉၇၉၊ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း–၀၂–၆၆၄၀၀၁၊ ဦးသက်နိုင် လ/ထညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း–၂၁၂၉၇၄၊ ဦးကျော်ဝင်းဖြင့်လ/ထညွှန်ကြားရေးမှူး (ပညာ) ဦးစီး(၃) ဖုန်း–၂၁၂၉၆၉ လိုင်းခွဲ (၂၀၃)၊ ဦးအေးကြိုင် ရစ်ပြည်နယ်ပညာရေးမှူး ဖုန်း–၀၄၃–၂၃၃၈၄၊ ဒေါကြူကြူ(ဇ)ရွှေဦးစီးအရာရှိ ဦးစီး(၃) ဖုန်း–၅၅၄၉၉၆၄၊ ဒေါခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂)တာမွေ ဖုန်း–၅၄၂၃၇၊ ဦးရှိန်းလိန်းအောင် မြို့နယ်ပညာရေးမှူး သမိန်းကျွန်း ဖုန်း–၅၆၄၂၃၃၄ ဒေါခင်သန်းထွေး အထပြင်(ငြိမ်း) ဖုန်း–၂၉၃၃၆၃၀သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(က–ပ)**

မကွေး–ပျော်ဘွယ်–တောင်ကြီး–ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်းလုပ်ငန်း စွမ်းအင်ဝန်ကြီး ပိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၁၇ရက် ညနေပိုင်းက မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော မကွေး–ပျော်ဘွယ်–တောင်ကြီး–ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ပျော်ဘွယ်အပိုင်း ပိုက်လိုင်းစခန်း ရှင်းလင်းဆောင်ရွဲ့ ပိုက်လိုင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး ဦးသန်းထွဋ်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လုပ်ငန်းခွင်စစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မကွေး–ပျော်ဘွယ်–တောင်ကြီး–ပင်းပက် ပိုက်လိုင်းခင်းခြင်းလုပ်ငန်းကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေသည့် ပျော်ဘွယ်အပိုင်း၊ လှိုင်းတက်အပိုင်းနှင့် ယင်းမှပင်အပိုင်း လုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးသည်။**(အပေါ်ပုံ)**

အသုံးပြုနိုင်မည်

အဆိုပါ မကွေး–ပျော်ဘွယ်–တောင်ကြီး–ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရည်မှာ စုစုပေါင်း ၁၉၂မိုင်ရှိပြီး လုပ်ငန်းပြီးဆုံးပါက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အသစ်တည်ဆောက်မည့် ဘိလပ်မြေစက်ရုံများသို့ သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းမှတစ်ဆင့် ပို့လွှတ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၀–၁၂–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအမှုင့်
၇:၀၅	၂။	အမှုင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်နဲ့မှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိန်းဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုးအကျအစေရးအသီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဏ္ဍာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း

၈:၁၀	၁၀။	အမျိုးသားရေးတေးကဏ္ဍာ

ညပိုင်း

၄:၀၀	၁။	မြဝတီအမှုင့်
၄:၀၅	၂။	အမှုင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဏ္ဍာ
၄:၃၀	၄။	မြန်မာသံစဉ်ချိန်းဝင်
၄:၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုးအကျအစေရးအသီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၆။	အမျိုးသားရေးတေးကဏ္ဍာ
၅:၂၀	၇။	ရွှင်ကြည်ပြိုးစရာတေးကဏ္ဍာ
၅:၃၀	၈။	မြဝတီနိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ ခွန်စားခန်း** (အပိုင်း–၆)
၆:၃၅	၁၃။	အမျိုးသားရေးတေးကဏ္ဍာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုလင်ရုပ်မြင်စာတော်လမ်း **ရာစုဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း–၁၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဏ္ဍာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍာ
	၂၁။	ယနေ့သဘက္ခာ မြဝတီ၏ တေးလင်းဆောင်
	၂၂။	ရသစုလင်ရုပ်မြင်စာတော်လမ်း **မြည်ရစ်သူရဲကောင်း** (အပိုင်း–၁၆)

*** ရှေ့ဖုံးမှ**

ရဲဘော်တို့–

တပ်မတော်သားကောင်းဖြစ်ဖို့ဆိုတာ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်း သယ်ဆောင်နိုင်စွမ်းရှိရမှာဖြစ်တယ်။

ဒို့တပ်မတော်ဟာ နိုင်ငံနဲ့လူမျိုးအတွက် အသက်ကိုစွန့်ဖို့ အဓိဋ္ဌာန်ပြုထားတဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ သက်ရှိသတ္တဝါတိုင်းက တန်ဖိုးအထားဆုံး အရာဖြစ်တဲ့ အသက်ဆိုတာဟာ ဘယ်လိုအခွင့်အရေးမျိုးနဲ့မှ လဲနိုင်ခြင်းမရှိတဲ့ အရာပဲဖြစ်တယ်။ ဒါကြောင့် အသက်ကိုပင်စွန့်လွှတ်ဖို့ ဝန်မလေးတဲ့ ဒို့တစ်တွေဟာ အရာရာကို စွန့်လွှတ်နိုင်ကြတယ်။ ကိုယ်ရေးကိုယ်တာကို စွန့်လွှတ်နိုင်တဲ့ အတွက်လဲ နိုင်ငံနဲ့လူမျိုးအတွက် စွန့်စားရဲကြတာဖြစ်တယ်။ နိုင်ငံနဲ့လူမျိုးအတွက် အသက်ကို စွန့်လွှတ်မယ်ဆိုတဲ့စိတ်ဓာတ်ဟာ မြင့်မြတ်တဲ့စိတ်ဓာတ်ဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်မှာ မျိုးချစ်စိတ်ဓာတ်ဟာ အဓိကဖြစ်တယ်။ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ ဂုဏ်ရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာန မထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အဂတိအခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်း အဆင်းရဲခံနိုင်ခြင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ခြင်းစတဲ့ အစဉ်အလာတွေဟာ မျိုးချစ်စိတ်ဓာတ်ရှိသူအဖို့ အလွယ်တကူသယ်ပိုးနိုင်တဲ့ အစဉ်အလာတွေပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်သူတွေ ဖြစ်ကြရမယ်။

ရဲဘော်တို့–

မျိုးချစ်စိတ်ဓာတ်ဆိုရာမှာလဲ မှန်ကန်တဲ့ ခံယူချက်ပေါ်က ပေါက်ဖွားလာတာ မဟုတ်ရင် မျက်ကန်းမျိုးချစ်ဖြစ်သွားလိမ့်မယ်။ မျက်ကန်းမျိုးချစ်ဖြစ်သွားရင် မှားယွင်းတဲ့ ယုံကြည်ချက်ကြောင့် အဖျက်သမားဖြစ်သွားတတ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဒို့နိုင်ငံ ဒို့လူမျိုးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အလေးအနက် ယုံကြည်ခံယူကြရမယ်။

ရဲဘော်တို့–

ဒို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ် တစ်ရာကျော်တို့ တစ်စုတစ်ပေါင်းတည်းမိုဘင်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်တယ်။ ဒို့တိုင်းရင်းသားတွေဟာ ရေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက် ကြီးပြင်းလာကြတယ်။

လမ်းပန်းဆက်သွယ်မှုခက်ခဲလို့ ဘာသာစကား မတူညီမှု၊ ရာသီဥတုကွာခြားလို့ ဝတ်စားဆင်ယင်ပုံအမျိုးမျိုးရှိနေကလွဲရင် စိတ်ထားဖြူစင်ခြင်း၊ စေတနာနှလုံးသွင်းပြုမူပြောဆိုတတ်ခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ ကြိုးစားလုပ်ကိုင်ခြင်း၊ ကိုယ်ကျိုးမငဲ့ခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ ကိုယ်ကျိုးမဖက်ခြင်း၊ ကိုယ်ကျိုးမဆန်ခြင်း၊ ကိုယ်ကျိုးမဆိုခြင်း၊ ကိုယ်ကျိုးမဆင်ခြင်း၊ ကိုယ်ကျိုးမဆီလျော

အစာသည်ဆေး ကျန်းမာရေး

ဦးကျော်မိန် (မန္တလေး)

ကမ္ဘာ့သက်ရှိသတ္တဝါတိုင်းသည် အသက်ရှင် ရပ်တည်နိုင်ရန် အစာစားကြရ၏။ ထိုအစာကို ပါဠိဘာသာအားဖြင့် **"အာဟာရ"**ဟုခေါ်သည်။ သတ္တဝါတစ်ဦးတစ်ယောက်**"သန့်ရှင်းကျန်းမာစွာ ရပ်တည်နိုင်ရန်ထောက်ပံ့တတ်၏"**ဟု အဓိပ္ပာယ်ရပါသည်။ မည်သည့်သတ္တဝါမဆို အစာအာဟာရနှင့်ကင်း၍ ရပ်တည်နိုင်ကြမည်မဟုတ်ပေ။ အစာအာဟာရဆုတ်ယုတ်လျှင် အားအင်ဆုတ်ယုတ်၍ အစာအာဟာရပြည့်ဝလျှင် အားအင်ပြည့်ဖြိုးပြီး အသက်ရှည်မည်မှာ သဘာဝ ဖြစ်ပါသည်။ သတ္တဝါတို့ စားသုံးသော အစာအာဟာရ၌ပါရှိသော အဆီအနှစ်ကို **"ဩဇာ"**ဟုခေါ်၏။ ယင်း**"ဩဇာ"**ဟူသည် ရုပ်(၂၈) ပါးတွင်ပါသော ဩဇာရုပ်ပင် ဖြစ်၏။ ယင်းအဆီ အနှစ်ဟူသော ဩဇာရုပ်က ခန္ဓာကိုယ်တောင့်တင်း ခိုင်မာအသက်ရှည်ရန် အကျိုးပြုပါသည်။ မြတ်စုဒုက္ခကလည်း **"သတ္တဝါမှန်သမျှသည် အစာအာဟာရ၌ တည်ကြ မှီကြကုန်ကြောင်းကို "သမ္မေသတ္တာအာဟာရ ဠိတိကာ"**ဟူသော ပါဠိတော်ဖြင့် ဟောကြားတော်မူသည့်အပြင် အစာအာဟာရသည် သတ္တဝါများအသက် ရှည်ကြာစွာနေနိုင်ရန် အထောက်အပံ့ကောင်း ဖြစ်ကြောင်းကို ပဌာန်းပါဠိတော်တွင် ဟောကြားတော်မူခဲ့ပါသည်။

လူတို့၏ ခန္ဓာကိုယ်ခိုင်မာစွာ ရပ်တည်နိုင်ရေးသည် အစာအာဟာရဟူသော ကျားထောက်ကျားခဲ ရှိရန်လိုအပ်ပေသည်။ အစာအာဟာရဟူသော ကျားထောက်ကျားခဲ မရှိသော ခန္ဓာကိုယ်သည် မကြာမီ ပြိုလဲပျက်စီးသွားမည်ဖြစ်ပေသည်။ မိလ်နှပဥ္စာပါဠိတော်၌ အရှင်နာဂသိန်းထေရ်က မိလိန္ဒမင်းကြီးအား **"မင်းကြီးကမ်းပါးပြတ်၌ ဆောက်လုပ်ထားသော အိမ်သည် တစ်စုံတစ်ခုသော သစ်သားဖြင့် ကျားကန်ထောက်ပံ့ထားမှ မယိမ်းမယိုင်၊ မပြိုနိုင်သကဲ့သို့ ဤခန္ဓာကိုယ်ကြီးသည်လည်း အစာအာဟာရလျှင် မှီရာ တည်ရာရှိ၏"**ဟုမိန့်ကြားတော်မူပါသည်။

အစာအာဟာရသည် လူကို သက်ရှည်ကျန်းမာစေရန် အကျိုးပြုသည်ဆိုသော်လည်း စားကောင်းတိုင်း စားသင့်သည် မဟုတ်ပေ။ မသင့်သော အစားအစာများကို ရှောင်ကြဉ်၍ သင့်သောအစားအစာကိုပင် မိမိဝမ်းနှင့် ခွဲခြမ်းစိတ်နှိုင်းဆလျက် စားသင့်ပါသည်။ စားကောင်းတိုင်း အမှတ်မဲ့အလွန်အကျွံ စားသောက်မိလျှင် အကျိုးမဖြစ်စေရုံသာမက အန္တရာယ်နှင့် တွေ့ကြုံရမည်ဖြစ်သည်။ ချင့်ချိန်တိုင်းတာ၍ စားသောက်ခြင်းသည် ကျန်းမာလိုသူတိုင်း လိုက်နာရမည့် ကျင့်ဝတ်ဖြစ်၏။ ဗုဒ္ဓမြတ်စွာကလည်း **"အစားအသောက်၌ မမက်မော မတွယ်တာဘဲ အတိုင်းအရှည်ကို သိခြင်းသည် ကောင်း၏။ အစားအစာ၌ အတိုင်းအရှည်ကို မသိကုန်သော သူတို့သည် ရသတဏှာ၏ အစွမ်းအားဖြင့် မကောင်းမှုတို့ကိုပြုကြ၍ အပါယ်လေးပါးတို့၌ နစ်မွန်းကြရလေသည်။ အတိုင်းအရှည်ကို သိကြသူများမှာကား ပစ္စုပ္ပန္နသံသရာနှစ်ပါးလုံး၌ နစ်မွန်းခြင်းကင်းလျက် အကျိုးရှိကုန်၏"**ဟု တိကနိပါတ် သုကဇာတ်၌ ညွှန်ကြားဆုံးမတော်မူပါသည်။

အစားအသောက်ကို စားကောင်းတိုင်း မဆင်မခြင် ဒုက္ခရောက်အောင်စားကြသူငါးဦးကို အဋ္ဌသာလိနီ အဋ္ဌကထာကျမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်–

၁။ အချို့လူတို့သည် အလွန် အစားကြီးကြသဖြင့် နေ့ရာမှ မိမိဘာသာ မထနိုင်၊ သူတစ်ပါးက လက်တွဲပြီး ထူပေးမှ ထနိုင်သောသူ။ (လက်ကို ဆွဲထူပေးရလောက်အောင် စားသူ)

၂။ အချို့လူတို့သည် အလွန်အကြူး စားသောက်ကြသဖြင့် ဝမ်းဗိုက်မှလာကာ ပုခုံးဝတ်၌ မရအောင်စားသူ။ (ပုခုံး မတင်နိုင်လောက်အောင် စားသူ)

၃။ အချို့လူတို့သည် အလွန်အမင်း စားသောက်ကြသဖြင့် မထနိုင်တော့ဘဲ စားသောက်သည့်နေရာ၌ပင် အိပ်နေရသူ။ (စားသည့်နေရာ၌ လဲနေအောင်စားသူ)

၄။ အချို့လူတို့သည် အစားအသောက် လွန်သဖြင့် ဝမ်းဗိုက်ပြည့်သည်မှ ဓံတွင်းရောက်သည်အထိ ဖြစ်ကာ ကျိုးများပင် နှိုက်ယူစားသောက်နိုင်လောက်အောင် စားသူ။ (ပါးစပ်ထဲမှ အစာကို ကျိုးများနှိုက်စားချင်ရလောက်အောင် စားသူ)

၅။ အချို့လူတို့သည် အစားများလွန်းသဖြင့် အန်ထုတ်ရလောက်အောင် စားသူ။ (အန်ထုတ်အောင် စားသူ)

အထက်ပါ စားခြင်းငါးမျိုးမှာ စားမိသောအစာသည် မိမိခန္ဓာကိုယ်ကို အကျိုးမပြုသည့်အပြင် အသက်အန္တ ရာယ် ကိုပင် ဖြစ်စေပါသည်။

မြတ်ဗုဒ္ဓက မူလပဏ္ဏာသ၊ ကကစူပမသုတ်တွင် **"ရဟန်းတို့ တစ်ထပ်တည်းသော ဆွမ်းကို စားကြကုန်လော။ ထိုသို့ တစ်ထပ်တည်းသော ဆွမ်းကို စားကြကုန်သဖြင့် အနာရောဂါကင်းသော အဖြစ်ကိုလည်းကောင်း၊ ကြောင့်ကြကင်းသော အဖြစ်ကိုလည်းကောင်း၊ လျင်မြန်စွာ ထနိုင်သော အဖြစ်ကိုလည်းကောင်း၊ အင်အားရှိသော အဖြစ်ကိုလည်းကောင်း၊ ချမ်းသာစွာ နေရခြင်းကိုလည်း ကောင်း သိကြကုန်လတ္တံ့"**ဟု ဟောကြားတော်မူပါသည်။ ထို့ကြောင့် ကျန်းမာ၍ အသက်ရှည်လိုသူတိုင်း ဘုရား၊ ရဟန္တာ ပုဂ္ဂိုလ်ကြီးများကဲ့သို့ တစ်ထပ်တည်းသော ထမင်းကို မစားနိုင်သော်လည်း ထမင်းနှစ်ထပ်၊ သုံးထပ် စားပါက မိမိဝမ်းနှင့် သင့်တော်ရုံသာ စားသင့်ပေ၏။

စာပေကျမ်း-ကန်တိုဠ်၌ **"မိမိလောက်ရုံ သင့်လျော်သော အစားအသောက်မှ လေးလုတ်စာ၊ ငါးလုတ်စာသောအစာကို လျှောစားပြီး ရေကိုသာ ဝအောင်သောက်ပါ။** ဤသို့ အစာကို လျှော့၍စားခြင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရ မယုတ်လျော့သည့်အပြင် ကျန်းမာရေးအတွက် ကောင်း၏။ **နို့စွာနှံကိုမရမချင်း ခွဲတင်း၍ တရားအားထုတ် နေသူအတွက်လည်း အထူးသင့်လျော်၏"**ဟူ၍ လာရှိပါသည်။

အစာအာဟာရကို စားသောက်ရာ၌ မိမိဝမ်းနှင့် နှိုင်းချိန်တိုင်းတာ စားသောက်မှ အကျိုးရှိနိုင်သည်ကို အထူးသတိပြုသင့်ပေသည်။ သင့်လျော်သော အစားအစာသည် အာဟာရဖြစ်စေသဖြင့် ဆေးတစ်မျိုးပင်ဖြစ်သည်။ သင့်လျော်သော ဆေးသည်လည်း အာဟာရဖြစ်စေသဖြင့် အစားအစာ တစ်မျိုးပင်ဖြစ်ကြောင်းကို **"အစာလည်း ဆေး၊ ဆေးလည်း အစာ"**ဟူ၍ ရေးလူကြီးများက ကျန်းမာရေး လမ်းညွှန်ချက် ပြုထားပါသည်။ ထို့အတူ အစားကြိုးလျှင် အလုပ်ဖင့်ခဲ့ကြောင်းကို **"အစားပုပ်သော်၊ အလုပ်ကြာ"** ဟူ၍ လည်းကောင်း၊ မစားသင့်သော အစာကို တစ်လုတ်မျှ စားမိရုံဖြင့် သေးဉပဒါဖြစ် တတ်သကဲ့သို့၊ မသွားသင့်သော အရပ်သို့ တစ်လှမ်းမျှ သွားမိရုံဖြင့်လည်း ဘေးအန္တ ရာယ် တွေ့ရတတ်ပုံကို **"အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း"** ဟူ၍လည်းကောင်း ဆိုရိုးစကားများ ထားခဲ့ကြပါသည်။

အစာအာဟာရကို ခန္ဓာကိုယ်အတွက် အကျိုးရှိရန်နှင့် ကျန်းမာစေရန် စားသောက်ရေးနှင့် ပတ်သက်၍ ဘုရားရှင် ညွှန်ကြားထားတော်မူသည်မှာ–

၁။ အစာကို အချိန်အခါအလိုက် စားရမည်။

၂။ မိမိနှင့်သင့်လျော်သော အစာကို စားရမည်။

၃။ မိမိနှင့် သင့်လျော်စေကာမူ ကြေကျက်လွယ်သော အစာကိုသာ စားရမည်။

၄။ သင့်လျော်ကြေကျက်သော အစာဖြစ်သော်လည်း မိမိဝမ်းနှင့်ရုပ်ရှိနံတိုင်းတာ၍ စားရမည်။

ဟု အင်္ဂုတ္တရနိကာယ်၊ အနာယုသာသုတ်၌ ဟောကြားတော်မူပါသည်။

သို့အတွက် လူတိုင်း လူတိုင်းသည် လူ့လောက၌ ကျန်းမာစွာ အသက်ရှည်၍ ချမ်းသာစွာ နေလိုကြ၏။ **"ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ် (အာရောဂျ ပရမာ လာဘာ)"**ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်း အမြတ်ဆုံး ကျန်းမာရေးလာဘ်ကို အရယူနိုင်ရန် အစာအာဟာရနှင့်ပတ်သက်၍ ဘုရားရှင်၏ လမ်းညွှန် ဟောကြားချက်များကို သတိပြုလိုက်နာရန် အထူးလိုအပ်ပါသည်။

လူတို့သည် ကျန်းမာနေစဉ် ကျန်းမာခြင်း၏ တန်ဖိုးကို သတိမရကြသော်လည်း ကျန်းမာရေးချို့တဲ့ နောင်တရတတ်ကြ၏။ ကုသိုလ်၊ ပညာ၊ ဥစ္စာဟူသော အနှစ်သုံးမျိုးမှာ ကျန်းမာသူများသာ စုဆောင်းရရှိနိုင်သဖြင့် ကောင်းမြတ်သော ဥစ္စာအနှစ်သုံးမျိုးကို ရယူပိုင်ဆိုင်ပြီး လူ့ဘဝကို ကောင်းသော ရရှိတူတစ်ယောက်ဖြစ်ရန် မိမိတို့နေစဉ် မြတ်စွာဘုရားသခင် အစားအသောက်ဖြစ်ရန် မိမိတို့ **"အစာသည်ဆေး၊ ကျန်းမာရေး"** ဟူသည်နှင့်အညီ သတိပညာရှေ့ထားပြီး စားသုံးကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမဖြစ်ပွားအောင် ကာကွယ်ရေး နှိုးဆော်ချက်(၂)

ချက်ပြွတ်စားသောက်ခြင်း

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ကျော်တွင် ဖြစ်ပွားလျက်ရှိပါသည်။ ဆောင်းနှီ ရေချေဝှင်ကများမှတစ်ဆင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်၊ ဘဲ၊ ငှက်များ၊ စီးပွားဖြစ်မွေးမြူထားသော ကြက်၊ ဘဲ၊ ငှက်များသို့ ကူးစက်ပျံ့နှံ့ရုံသာမက ခို၊ ကျီးကန်း၊ စာကလေး၊ ကြက်တူရွေးစသည့် ငှက်များနှင့် ဝက်၊ ကြွေင်၊ ကျားစသည့် တိရစ္ဆာန်များသို့ပါ ရောဂါကူးစက် သေဆုံးလျက်ရှိပါသည်။

၂။ ထိုမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုကြောင့် နိုင်ငံ ၁၂ နိုင်ငံတွင် ရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ရောဂါဖြစ်ပွားလျှင်လည်း သေဆုံးမှု ၆၀ရာခိုင်နှုန်းခန့် ရှိပါသည်။ ရောဂါဖြစ်ပွားနေသော ကြက်၊ ဘဲ၊ ငှက်များ၊ ရောဂါဖြစ်ပွားသေဆုံးသော ကြက်၊ ဘဲ၊ ငှက်များနှင့် ၎င်းတို့၏ အသား၊ ဥ၊ မစင် အညစ်အကြေးများနှင့် အခြားငှက်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရာမှ လူသို့ရောဂါကူးစက်ခံရခြင်း ဖြစ်ပါသည်။ ရောဂါကူးစက်သေဆုံးသူများတွင် ကလေးများနှင့် ကျန်းမာသော လူငယ်၊ လူရွယ်အများစုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကြက်၊ ဘဲ၊ ငှက်များကို ကိုင်တွယ်ချက်ပြွတ်စားသုံးသူများသည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမှ ကာကွယ်ရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်–

(က) ရောဂါကြောင့်သေဆုံးသော ကြက်၊ ဘဲ၊ ငှက်များနှင့် အကြောင်းမသိဘဲ သေဆုံးနေသော ကြက်၊ ဘဲ၊ ငှက်များကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊

(ခ) တောငှက်များနှင့် ဆောင်းခိုရေချောင့်ငှက်များကို စားသုံးခြင်းမှရှောင်ကြဉ်ရန်၊

(ဂ) ကြက်၊ ဘဲ၊ ငှက်တို့၏ အသား၊သွေးနှင့် ဥများကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဃ) ကြက်၊ ဘဲ၊ ငှက်တို့၏ အသား၊နှင့်ဥများကို အစိမ်းစားခြင်း၊ မကျက်တကျက်ချက်ပြုတ်စားခြင်းတို့မှ ရှောင်ကြဉ်ရန်၊
(ချက်ပြုတ်ရာတွင် အသား၊နှင့်ဥအတွင်း အပူချိန် ၇၀ ဒီဂရီ စင်တီဂရိတ်ရောက်မှ ပိုးသေပါသည်။)

(င) ချက်ပြုတ်ပြီးအသားများကို အချိန်ကြာမြင့်စွာ ထားသုံး၍ စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊

(စ) ကြက်၊ ဘဲ၊ ငှက်အသားစိမ်းများနှင့်ဥများကို ဟင်းသီးဟင်းရွက်များနှင့်ရော၍ သယ်ဆောင်ခြင်း၊ ထားသိုခြင်းမပြုရန်၊

(ဆ) ကြက်၊ ဘဲ၊ ငှက်အသားစိမ်းများကို ချက်ပြီးဟင်းလျာများနှင့်အတူတကွ သိမ်းဆည်းခြင်းမပြုရန်၊

(ဇ) စဉ်းတီတုံးနှင့်ဓားကို အသုံးပြုရာတွင် ဟင်းသီးဟင်းရွက်များကို ဝထမလိုဒြပ်ပြုသော အသားများခုတ်ထစ်ရန်အတွက်အသုံးပြုရန်၊

(ဈ) အသားများကိုခုတ်ထစ်ရာတွင် သုံးသောစဉ်းတီတုံး၊ဓားနှင့်အသားစိမ်းထည့်သော အိုး၊ ခွက်၊ ပန်းကန်တို့ကို ဆပ်ပြာနှင့် သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာ ဆေးကြောရန်၊

(ည) အသားများကို ကိုင်တွယ်ခုတ်ထစ်ပြီးလျှင် လက်ကိုဆပ်ပြာနှင့် သန့်ရှင်းသောရေဖြင့် သေချာစွာ စင်ကြယ်အောင်ဆေးကြောရန်၊
(လက်အိတ်၊ ရင်ကာခါးစည်း(Apron)စသည့်အကာအကွယ်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။)

(ဋ) အသားများကို ခုတ်ထစ်ရာမှထွက်လာသော ဘေးထွက်ပစ္စည်းများတွင် ရောဂါပိုးပါရှိနိုင်သဖြင့် လူ၊ အိမ်မွေးသတ္တဝါများနှင့် ငှက်များသို့ ကူးစက်မှုမရှိစေရေးအတွက် စနစ်တကျစွန့်ပစ်ရန်၊

(ဌ) မသန့်ရှင်းသောရေတွင် ရောဂါပိုးများပါရှိနေသဖြင့် အစားအစာ ချက်ပြုတ်ဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုရန်။

လက်ကို သန့်ရှင်းအောင်ဆေးကြောခြင်းသည် ကူးစက်ရောဂါများမဖြစ်ပွားအောင် ကာကွယ်ခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန

လသာမြို့နယ် ၂၄လမ်း အမှတ် ၆၉နေ ဒေါ်မြသိန်းနှင့် မိသားစုက ဦးမောင်စိန်အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မဟာဓလိပ်မှန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလူဒါနိုးရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ် အောယ်လ် (ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီး မျိုးညွှန့်တို့က လက်ခံယူစဉ်။(က-ပ)

ပဟန်း ဇီဝတဒါနသံဃာ့ဆေးရုံကြီး စေတနာဆရာဝန်များ ဂုဏ်ပြု

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝတဒါနသံဃာ့ဆေးရုံကြီး၌ ဂိလာနသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သဒ္ဓါစေတနာ၊ မေတ္တာထက်သန်စွာဖြင့် ကုသိုလ်ဖြစ် ဆေးဝါးကုသပေးနေကြသော လုပ်အားဒါနအလှူရှင် စေတနာဆရာဝန်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက် ၁၀နာရီက အဆိုပါဆေးရုံကြီးရှိ ရာဇာပြိဟ်ဆောင် အလှူမင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က ဂုဏ်ပြုပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များက လုပ်အားဒါနအလှူရှင် စေတနာဆရာဝန်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ပေါက်ခေါင်းမြို့ မြို့မစာကြည့်တိုက် နှစ်မတ်လည်နေ့နှင့် အလှူရှင်ဂုဏ်ပြုပွဲ ကျင်းပ

ပေါက်ခေါင်း ဒီဇင်ဘာ ၁၉

ပေါက်ခေါင်းမြို့ မြို့မစာကြည့်တိုက် နှစ်မတ်လည်နေ့နှင့် အလှူရှင် ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၈နာရီက မြို့မစာကြည့်တိုက်၌ကျင်းပသည်။ အခမ်းအနားတွင် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ကွန်ျုတာနှင့်စာအုပ် စာတမ်း အလှူရှင်များနှင့် ငွေပေးသောပင် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး ဆုရကျောင်းသားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပေါက်ခေါင်းမြို့မ စာကြည့်တိုက်သို့ ကွန်ျုတာနှင့် အခြားဆက်စပ်ပစ္စည်းများ၊ ပဒေသာပင်အလှူငွေနှင့် စာအုပ်စာတမ်းများ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း စာကြည့်တိုက် ကော်မတီက နှိုးဆော်ထားသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနှေးခြင်းအတိမ်းအမှတ် အခမဲ့အနားလားရှိခြင်း

နေပြည်တော် ဒီဇင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ဖြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လားရှိုးဖြို့ပေါ်ရှိ စေတနာဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းစီစဉ်သည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမဲ့အနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဖြို့ရှိ ဖြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ်ဆရာဝန်ကြီး (ခုခံကျ/ကာလသား) ဒေါက်တာ မြင့်ကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ဆောင့်ရွက်ခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တစ်ခန်းရပ်ပြစာတို ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွန့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆုများကို ပေးအပ်ချီးမြှင့်သည်။ ပြည်နယ် မိခင်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီက HIV ပိုးကူးစက်ခံရပြီးသူ လူနာများအား ကုသရန် ART ဆေးဝါးများအတွက် ငွေကြေးထောက်ပံ့ရာ ပြည်နယ် အထူးကုသမားတော်ကြီး ဒေါက်တာ မိုးမြင့်မော်နှင့် ပြည်နယ်ဆရာဝန်ကြီး (ခုခံကျ/ကာလသား) ဒေါက်တာ မြင့်ကျော်တို့က လက်ခံယူသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဧည့်သည်တော်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးပညာပေးစာအုပ်များ၊ ART ဆေးဝါးများ၊ ဓာတ်ခွဲပစ္စည်းများ၊ စာစောင်များ၊ လက်မှတ်စာစောင်များ၊ ပိုစတာများနှင့် လူပျံရာမှုမှတ်တမ်းဓာတ်ပုံများ၊ ခင်းကျင်း ပြသထားသည့် ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(ပြည်နယ် ပြန်/ဆက်)

မိဘနှစ်ပါး ဖြစ်ကြသော ဦးသာလှ-ဒေါ်ကြည်ကြည် တို့အား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်ဖြို့နယ် လှိုင်မြင့်မိုရ် အိမ်ရာ တိုက် ၂၆၊ အခန်း ၂ ဧရာသားကြီး ဦးသန်းထိုက် –ဒေါ်နီလာမြင့်၊ မြေး မနေခြည် မျိုး ထက်၊ မောင်ထူးမြတ်နိုင် မိသားစုက ဒဂုံဖြို့နယ် အမှတ်(၆)

စကားဝါလမ်း မင်းကွန်းတိမိုဋက ဆရာတော်ကြီး၏ တိမိုဋက တိုးရဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနနှာယကဆရာတော်ဘဒ္ဒန္တနန္ဒကထ ရေစက်သွန်းချ အနမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထဲ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဖြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မွန်ပြည်နယ်အတွင်း စိမံချက်ဝင်သက်ကြီးရွယ်အိုဘိုးဘွားများ ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ဖြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက မွန်ပြည်နယ်အတွင်းရှိ စိမံချက်ဝင် အိမ်ထိုင်ရာရောက် အစောင့်အရှောက်ခံ သက်ကြီးရွယ်အို ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဖြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ကြီးရွယ်အိုဘိုးဘွားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က ထောက်ပံ့ငွေနှင့် ဆေးပစ္စည်းများကို လည်းကောင်း၊ ဒေါ်ခင်ဇွယ်နှယ်နှင့် ဒေါက်တာ သန်းဦးတို့က ဘီးတပ်ကုလားထိုင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက လက်ခံသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက အဘိုး အဘွား ၂၀၀ဦးအား တစ်ဦးချင်း စီသို့ အလှူငွေနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။**(အပေါ်ဝဲပုံ)**

ပြန်လည်ဖြေကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွှန့်နှင့် ဒေါက်တာသန်းဦးတို့က သက်ကြီးရွယ်အို ဘိုးဘွားများအား ပြုစုစောင့်ရှောက်ပေးသည့် စေတနာဝန်ထမ်းများအား အသိပေးရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခြင်းကိုပြန်လည် ဖြေကြားကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် တောင်ပိုင်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ကန်တော့ကြပြီး ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က တောင်ပိုင်း ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် အလှူငွေများကို ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွေးလေးထံ ပေးအပ်သည်။

ဆက်လက်၍ အဘိုးအဘွားတစ်ဦးချင်းစီအား အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အဘိုး ဦးလှဖေနှင့် အဘွားဒေါ်ကြေညိမ့်တို့က ဆုတောင်းမေတ္တာပို့သဘကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် ပျဉ်းမနားခရိုင် အသင်းခွဲတို့ ပူးပေါင်း ဖွင့်လှစ်သောအခြေခံ တိုင်းရင်းဆေးပညာ သင်တန်း (၃/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ရက်က နေပြည်တော် ပျဉ်းမနားဖြို့ ဖြို့မဆေးကုန်း ကျောင်း တိုက်တွင်ကျင်းပရာ တိုင်းရင်းဆေးပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

(က–ပ)

ဧအောင်စကြာ ဘဒ္ဒန္တ စန္ဒသူရိယ ဘရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက်ကျောင်း ဦးစီးပဝေနနာယက (မဟာမွေကထိက ဗဟုဇနဟိတရေ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒီဇင်ဘာ ၂၀ ရက်ညတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၆၄) ရပ်ကွက် စက်မှုဇုန်(၂) မြတ်သစ္စာ ဓမ္မာရုံ၊ ၂၁ ရက်တွင် ဒေါပုံမြို့နယ် ဓေယျာသီရိရပ်ကွက်(၈)လမ်း တရား မဏ္ဍပ်(ဆည်းဆာပွဲ)၊ ည ၈ နာရီတွင် ဒေါပုံမြို့နယ် ဗဟာဇေးရပ်ကွက် ဈေးလမ်းနှင့် မာလာနွယ်လမ်းထောင့် ဆွမ်းအောင်ပွဲ၊ ၂၂ ရက်ညတွင် ဒေါပုံမြို့နယ် ဓေယျာသီရိ ရပ်ကွက်၈ လမ်း တရားမဏ္ဍပ်၊ ၂၄၊ ၂၅ ရက်များတွင် သာကေတမြို့နယ် ၃ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယမင်္ဂလာ၌၊ ၂၆ရက် ညတွင် စမ်းချောင်းမြို့နယ် သီရိဓမောရပ်ကွက် သီရိဓမောလမ်း ရုတာနတ္တယသမဂ္ဂဝတ်အသင်း တရားမဏ္ဍပ်၊ ၂၇ ရက်ညတွင် စမ်းချောင်းမြို့နယ် ရွှေလောင်းလမ်း ကိုးနဝင်းကပ်ကျော်စေတီမှောရံ၊ ၂၉ ရက်ညတွင် အလုံမြို့နယ် သိပ္ပံဈေးတရားမဏ္ဍပ်၊ ၃၀ရက် ညတွင် ဒေါပုံမြို့နယ် ဆေးစက်ရပ်ကွက် ပြာသာဒ်ကျောင်း (ဆည်းဆာပွဲ)၊ ၎င်းည ဓနဂရီတွင် ဒေါပုံမြို့နယ် သဘော်ကျင်း ရပ်ကွက် (၃)လမ်းတရား မဏ္ဍပ်၊ ၃၁ ရက်ညတွင် လမ်းမတော်မြို့နယ် လမ်းမတော်လမ်း သံဈေး ပလာဇာရှေ့ ရှင်ဥပဂုတ္တမုဆွေပွဲ တရား မဏ္ဍပ်တို့တွင် နိဗ္ဗာန်လမ်းပြ တရား တော်များ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း–၀၁–၂၂၄၆၈၁၊ ၀၉–၅၁၁၈၅၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရ သည်။

(က–ပ)

ကြည့်မြင်တိုင်ဖြို့နယ် အထက(၂) (ဟုမ်းလမ်း/ထီးတန်း)ကျောင်းသား၊ ကျောင်းသူဟောင်းများက ၁၉၅၁ခု ၁၉၈၃ခုနှစ်အထိ သင်ကြားပေးခဲ့သည့် အငြိမ်းစား ဆရာ၊ ဆရာကြီးများအား (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၄ရက်က ကျောင်းခန်းမ၌ ကျင်းပစဉ်။ (က–ပ)

ကြို့ပင်ကောက် ဖြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရပ်နီးရပ်ဝေး တပည့်ကျောင်းသား ကျောင်းသူများက ကြို့ပင်ကောက် ဖြို့နယ်လုံးဆိုင်ရာ ဧကာဒသမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၆ရက်က ကြို့ပင်ကောက် ဖြို့ အထက၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာကြီး ဆရာမကြီး စုစုပေါင်း ၂၀၆ဦးတို့အား ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တပည့် ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြသည်။ ထို့နေ့က ပူဇော်ကန်တော့သော လှူဒါန်းငွေကျပ် စုစုပေါင်းမှာ ငွေကျပ် ၄၅သိန်းခန့် ရှိကြောင်း သိရသည်။

ယင်းပူဇော်ပွဲမတိုင်မီ အကြိုအဖြစ် ကြို့ပင်ကောက်ဖြို့ စာဖြေဌာနတွင် ၂၀၀၇ခုနှစ် မတ်လက ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးခြောက်ဘာသာရရှိသူ နှစ်ဦး အပါအဝင် ဂုဏ်ထူးရရှောင်းသား ကျောင်းသူ ၃၅ဦးတို့အား စုစုပေါင်း သည်များ မေးမြန်းခြင်းကိုပြန်လည် ဖြေကြားကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် တောင်ပိုင်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ကန်တော့ကြပြီး ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က တောင်ပိုင်း ဘိုးဘွားရိပ်သာ အဘိုးအဘွားများအား အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အဘိုး ဦးလှဖေနှင့် အဘွားဒေါ်ကြေညိမ့်တို့က ဆုတောင်း မေတ္တာပို့သဘကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်ရိုးပြဋ္ဌာန်းတော်သုံးပုံ ကြွေးပြဋ္ဌာန်းတော် ရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

သာသနာတော် အဓွန့်ရှည်တည်တံ့စေရန် ရည်သန်လျက် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၏ နာယက မင်္ဂလာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဥာဏ(အဆိုးရမွာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) ဦးဆောင်၍ ကြွေးပြဋ္ဌာန်းတော်တစ်ဆူ ပြုလုပ်လှူဒါန်းနေသည်။

ယခုအခါ သင်ရိုးပြဋ္ဌာန်းတော်သုံးပုံစာအုပ်ရေ ၂၀ ပြုလုပ်ပြီးစီး၍ ပြုလုပ်ပြီးစီးသမျှ သင်ရိုးပြဋ္ဌာန်းတော်သုံးပုံ ကြွေးပြဋ္ဌာန်းတော်တော်အတွက် ကြွေးပြားအလှူရှင် ၂၉၃၀ တို့၏ စုဝေါင်းရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ၁၃ပြဲ ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက် (ဒီဇင်ဘာ၃၀ရက်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ငွေကျပ် ၁၁သိန်းကျော်ဖြင့် ဂုဏ်ပြု ကြို့ပင်ကောက်ဖြို့ အထက၌ ကျင်းပချီးမြှင့်ခြင်းကို ဒီဇင်ဘာ ၁၅ရက်က ခဲ့သည်။ **(အပေါ်ပုံ)** **(က–ပ)**

ရသပေါင်းစုံကိုမြင်တွေ့ခံစားရမည့် going together ပန်းချီပြပွဲ

အနုပညာပြင်ကွင်း - မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း - တင်မိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာ့ပန်းချီ ပန်းဥယျာဉ်ကြီးထဲမှာ ပန်းတွေကတော့ နေ့တိုင်းပွင့်နေတာမို့ အရင်ကထက်စာရင် မြန်မာ့ပန်းချီလောကဟာ တိုးတက်ဖွံ့ဖြိုးလာပါတယ်။ အခုလည်း "going together"လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းနဲ့ လမ်း ၃၀ထောင့်မှာရှိတဲ့ ရတနာပုံအနုပညာပြခန်းမှာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိပါတယ်။



ပန်းချီဆရာစောအီး၏ 'ပုဂံ'ဟု အမည်ပေးထားသော ပန်းချီကားဟာ မြင်ကွင်းအလှကို ဤသို့တွေ့ရသည်။

ဒီပန်းချီပြပွဲမှာ ပန်းချီဆရာ ၃၂ဦးတို့က ပန်းချီကားပေါင်း ၉၀ခန့် ခင်းကျင်းပြသမှုဖြစ်ပြီး အဲဒီပန်းချီကားတွေက ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားတွေပဲ ဖြစ်ပါတယ်။

အပြာနရောင်တွေနဲ့ လက်စွမ်းပြထားတာဟာ အမြင်ရှင်းပြီး အသက်ဝင်လှတဲ့ ပန်းချီကားပါပဲ။

လှုပ်ရှားမှု

နောက်ထပ် ဆွဲဆောင်မှုရှိတဲ့ ပန်းချီကားတစ်ချပ်ကတော့ ပန်းချီ ဆရာမ

ပန်းချီဆရာ တင်အောင်ကျော်၏ 'ဈေးရောင်းဈေးဝယ်' ပန်းချီကားကလည်း ဤသို့ သဘာဝကျလှသည်။

ပန်းချီပြပွဲမှာ ပါဝင်ပြသထားတဲ့ ပန်းချီကားလက်ရာတွေက မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေတာမို့ ပန်းပေါင်းစုံပူးပွင့်နေတဲ့ ဥယျာဉ်တစ်ခုထဲကို ရောက်ရှိသွားသလို ခံစားရ။

ဖော်ကျူးထား

ရတနာပုံ ပန်းချီပြခန်းမှာ ခင်းကျင်းပြသထားတဲ့ ပန်းချီကားတွေထဲမှာ ပန်းချီဆရာ WPM ရဲ့ ပန်းချီကားက လက်ရာမြောက်လွန်းတဲ့ ပန်းချီကားဖြစ်လို့ အနီးကပ်လေ့လာတဲ့အခါ အခရိုင်းလစ်နဲ့ ရေးဆွဲထားမှန်း သိရပါ တယ်။ အပြာရောင် အောက်ခံပေါ်မှာပန်းကန်၊ ဖန်ခွက်၊ရေနွေးခရား၊ ကြက်ဥ စတဲ့ သက်မဲ့ရုပ်ထွားတွေကို ဖော်ကျူးထားတာ ပီပြင်လွန်းပါ တယ်။

အသက်ဝင်လှ

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားတစ်ချပ်ကတော့ ပန်းချီဆရာ Quee ရဲ့ မြင်းရုပ်တွေကို ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ အခရိုင်းလစ်နဲ့ ရေးဆွဲထားပြီး ၂၄လက်မ x ၃၆ လက်မ အရွယ် အစားရှိတာမို့ ကြည့်ရှုရတာ အဝင်ခွင်ကျမှုရှိပါတယ်။ မြင်းနှစ်ကောင်ကို ရိုးစင်းတဲ့ ရေးဆွဲဟန်နဲ့ နီညိုရောင်၊

ပန်းချီဆရာ WPM ၏ အခရိုင်းလစ်နှင့်ရေးဆွဲထားသောသက်ငြိမ်ပန်းချီကားကလည်း ပကတိအသွင် အပြင်အတိုင်း မြင်တွေ့ရသည်။

ခြင်းချင်းရဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားပါပဲ။ အရောင်စုံကို နောက်ခံထားတဲ့ ရေပြင်အတွင်းမှာ အလှငါးလေး နှစ်ကောင် ကူးခတ်နေတဲ့ပုံပါ။ အရောင် ရင့် ရင့် တွေကို

စုတ်ချက်ရဲရဲနဲ့ ရေးဆွဲထားတာမို့ ပန်းချီကားဟာ လှုပ်ရှားမှုရှိနေပါတယ်။

အသွင်ဆန်း

ပန်းချီဆရာမ သီတာရဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားက လည်းတစ်မျိုး တစ်ဘာသာပါ။ ဂက်ဝဲရုပ်လေးရဲ့ အနီးကပ်မြင်ကွင်းကို နီညို၊ အဖြူနဲ့ ခရမ်းရောင်တွေ အားပြုပြီး ရေးဆွဲထားတာဖြစ်ပါတယ်။ ရောင်စုံပန်းပွင့်အောက်ခံပေါ်က ဂက်ဝဲရုပ်လေး တည်ရှိနေမှုဟာ အမြင်ရိုးပေမယ့် အသွင်ဆန်းနေပါတယ်။



လှုပ်ရှားမှုပန်းချီ

ပန်းချီဆရာမချင်းချင်း လက်ရာ 'အရောင်များ၏လှုပ်ရှားမှု' ပန်းချီကားကလည်း အသက်ဝင်လှသည်။

တစ်မျိုးတစ်ဘာသာ

ပန်းချီဆရာမ သီတာ၏ ပန်းချီကားကလည်း တစ်မျိုးတစ်ဘာသာ။

သတင်းကောင်းပါ၊

ဒီပန်းချီပြပွဲမှာ ပါဝင်ပြသထားတဲ့ ပန်းချီကားလက်ရာတွေက မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေတာမို့ ပန်းပေါင်းစုံ ပူးပွင့်နေတဲ့ ဥယျာဉ်တစ်ခုထဲကို ရောက်ရှိသွားသလို ခံစားရတာမို့ လေ့လာရေးတစ်ခေါက် အရောက် သွားသင့်ပါကြောင်း ပန်းချီပါသူ ရှင်တွေကို သတင်းကောင်း ပါးလိုက် ပါတယ်။ ။ (မြန်မာ့အလင်း)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

အုတ်ရှစ်ပင် အထက အာစရိယပူဇော်ပွဲ

ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် အုတ်ရှစ်ပင် အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့သော အသက်ဝင်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကိုဒီဇင်ဘာလ ၂၉ရက်(စနေနေ့)တွင် အုတ်ရှစ်ပင် အထက၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါကြောင်းနှင့် အလူရွေ ပစ္စည်းထည်ဝင်လူဒါန်းလိုသူများ ဦးမြင့်သိန်း ဖုန်း-၀၅၃-၂၅၆၅၂၊ လိုင်းခွဲ၄၀၊ ဦးမောင်ထူး (ရွှေအိုရောစုတိုး)လိုင်းခွဲ ၇၆၊ ဦးဇော်မင်းထွန်း လိုင်းခွဲ၄၅၅တို့သို့ ဆက်သွယ် လူဒါန်းနိုင်ကြောင်း သိရသည်။ (က-ဝ)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၂၄ရက် (နတ်တော်လပြည့်နေ့)မှ စ၍ ၃၀ရက် (နတ်တော်လပြည့်ကျော် ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၄၄၄၂၉၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ဝ)

ကွမ်းလုံစရိုင်ဥက္ကဋ္ဌပလား ဧဘာလုံးပြိုင်ပွဲဖွင့်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုရခိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌလား ဆောင်းရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက် မွန်းလွဲ ၂နာရီက ကွမ်းလုံမြို့နယ်အားကစားပြိုင်ကွင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမမွဲစဉ်အဖြစ် ဟိုဝန်မြို့နယ် (ခ)အသင်း နှင့်ကွမ်းလုံမြို့နယ်(က)တို့ ယှဉ်ပြိုင်ကစားကြရာ ဟိုဝန်(ခ)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(မြို့နယ် ပြန်/ဆက်)**

စာဆိုတော်နေ့နှင့် သက်ကြီးစာရေးဆရာများ ပူဇော်ပွဲ

တောင်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် သက်ကြီးစာရေးဆရာများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၁၆ရက် နံနက်၉နာရီခွဲက တောင်ကြီးမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ မဃဒေသော စာဆိုတော်က၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဃဒေသော စာဆိုတော်နေ့ သဝဏ်လွှာအား ဒေါ်မြင့်မြင့်သန်း(မြဝေက်)ကဖတ်ကြားပြီး တက်ရောက်လာကြသူများက အသက်၇၀နှင့်အထက် သတင်းစာဆရာ၊ စာရေးဆရာများအား ကန်တော့ကြသည်။ **(က-ဝ)**

အေဘြဏာစာရီ မြန်အောင်ကျောင်းတိုက် အာစရိယပူဇော်ပွဲ

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျန်းတောလမ်း သမိဒ္ဓါဒယ သုဒိတာရုံမ အေဘြဏာစာရီ မြန်အောင်ကျောင်းတိုက်ကြီး၌ ပညာသင်ယူခဲ့ကြပြီး အရယ်မယ် အရပ်ရပ်တွင် ပမိုယတိ ပဋိပတ်သာသနာပြုနေကြသော ကျောင်းတိုက်ခွဲ တပည့်များ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒပေးပွဲ အခမ်းအနားကို (၁၃ဖြဇုနှစ် နတ်တော်လပြည့်ကျော်ရက်) ဒီဇင်ဘာ၂၉ရက် (စနေနေ့) နံနက်ရောရီတွင် အထက်ပါကျောင်းတိုက်၌ စည်ကားသိုက်ဖြိုက်စွာ ကျင်းပမည် ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၅၃၆၂၃၄၊ ၀၆၄၄၂၇၃၄ နှင့် ၀၅၂-၂၂၀၇၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ဝ)

ဘူမိပေဒကျောင်းသားဟောင်းများ မိတ်ဆုံပွဲ ကျင်းပမည်

၁၉၈၃ခုနှစ်(တတိယနှစ်)နှင့် ၁၉၈၃ခုနှစ်(စတုတ္ထနှစ်) ဘူမိဗေဒ ကျောင်းသားကျောင်းသူဟောင်း မိသားစုများ၏ တွေ့ဆုံ၊ မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၉ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဇရာတွင်းကုန်း ပါရမီလမ်းရှိ KYK Family Foods Centre ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း- ၇၂၂၀၇၂၊ ၀၉-၈၀-၃၀၂၅၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ဝ)

ငါန်းဇွန်ဖြို့နယ် စာပေတိုးတက်ရေး

မန္တလေးတိုင်း ငါန်းဇွန်ဖြို့နယ် ပြန့်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင် ခေါင်းဆောင်၍ ငါန်းဇွန်ဖြို့နယ်အတွင်း ဖြို့သာစုန်၊ ငါန်းကြာနှင်း၊ ခြေသုံးလက်နှစ်၊ ကျောက်တလုံးခုနစ်သည်နှင့်လေးနှစ်ရှိ ကျေးရွာပေါင်း သုံးဆယ့်တစ်ရွာသို့ ဒီဇင်ဘာလအတွင်း စာပေတိုးတက်အဖြစ် ဒီဇင်ဘာ ၂ရက်မှ ၃၁ရက်အထိ ကျင်းဆင်းဆောင်ရွက်လျက်ရှိသည်။

(ဖြို့နယ် ပြန်/ဆက်)

ကျန်းလှ-မော်ကယ်-နောင်ကောက် ကားလိုင်းပွင့်

ကျန်းလှဖြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ပြေးဆွဲသည့် ကျန်းလှ-မော်ကယ်-နောင်ကောက် အဝေးပြေးကားလိုင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၆ရက် နံနက်က ဖြို့နယ်စစ်မှုထမ်းဟောင်းရုံးတွင် ကျင်းပရာ ဖြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သန်းအမှာစကားပြောကြားဖွင့်လှစ်ပေးသည်။ **(ဖြို့နယ် ပြန်/ဆက်)**

သဘာဝအရင်းအမြစ်ကြီးမားသော မြန်မာနိုင်ငံကို နိုင်ငံတကာက စိတ်ဝင်စားစေရန်နှင့် တိုင်းရင်းသားများနေထိုင်ရာ ပတ်ဝန်းကျင်အလှအပများ မြင်တွေ့ခွင့်ရအောင် လွင်မိုးခရီးသွားနေသည်ဆိုသည့် အစီအစဉ်ကို သွားရောက်ရိုက်ကူးခဲ့

တွေ့ဆုံမေးမြန်းရေးသားသူ - မောင်ဇေဖြင့်ငွေ့ဆွ ဓာတ်ပုံမှတ်တမ်း - တင်မိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၉

MRTV-4ကထုတ်လွှင့်နဲ့တဲ့ "လွင်မိုးခရီးသွားနေသည်"ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ဟာ ပြည်သူတွေကြားမှာ အတော်လေး ရေပန်းစားနေပါတယ်။ မြင်ရ တွေ့ရတာတွေက ဆန်းသစ်နေသလို တင်ပြထားပုံတွေကလည်း ပေါ့ပေါ့ပါးပါးနဲ့ဆိုတော့ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။

လွင်မိုးခရီးသွားနေသည်

"လွင်မိုးခရီးသွားနေသည်"ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ခေါင်းစဉ်ခွဲတွေအများကြီးနဲ့ ဆက်လက်ရိုက်ကူးဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ပြသသွားပြီးဖြစ်တဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ နေထိုင် သွားလာ၊ စားသောက်မှုနဲ့ အလုပ်လုပ်ကိုင်မှုတွေကို ထူးထူးခြားခြား ဖော်ထုတ်ပေးထားတာမို့ ပရိသတ်တွေ စိတ်ဝင်စားပြီး အချိန်ပေး ကြည့်ရှုခဲ့ရတဲ့ အစီအစဉ်ပါပဲ။

ဓလေ့ထုံးတမ်း

"လွင်မိုး ခရီးသွားနေသည်" **ဆိုတဲ့အစီအစဉ်ကို ရိုက်ကူးခဲ့တာဟာ တိုင်းရင်းသား လူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာနဲ့ ယဉ်ကျေးမှုအပေါ် အခြေခံရိုက်ကူးခဲ့ပုံ၊ တိုင်းရင်းသားတွေရဲ့ ရိုးသားမှုကို အားနည်းချက်အသွင် မဖြစ်စေဘဲ ဖော်ပြခဲ့ပုံ၊ မိမိကိုယ်တိုင် ချစ်ခင်ရင်နှီးစွာ ပါဝင်တင်ဆက်ခြင်းဖြင့် ကြည့်ရှုသူပရိသတ်များအနေနဲ့ တိုင်းရင်းသားများအပေါ် မေတ္တာစေတနာများ တိုးပွားလာ**စေရန် ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရိုက်ကူးခဲ့တာ ဖြစ်တယ်လို့ သရုပ်ဆောင် လွင်မိုးက ပြောပြပါတယ်။

ရည်ရွယ်ချက်

ဒါအပြင် အခု အစီအစဉ်ကို ရိုက်ကူးခဲ့တာဟာ သဘာဝ အရင်းအမြစ် ကြီးမားတဲ့ မြန်မာနိုင်ငံကို နိုင်ငံတကာက မြတ်နိုးစိတ်ဝင်စားလာစေရန်နဲ့ ပိုမိုတန်ဖိုးထားတတ်စေရန် အပြင် အကောင်းအဆိုး ခွဲခြဲနေတဲ့ ကမ္ဘာလောကကြီးမှာ ရုပ်မြင်သံကြား အစီအစဉ်တင်ဆက်မှုတွေဟာ အလွန် အရေးပါတဲ့ ကဏ္ဍဖြစ်တာမို့ မိမိနိုင်ငံ မိမိလူမျိုးတွေကသာ နိုင်ငံချစ်စိတ်နဲ့ လက်ဦးမှုရယူထားရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့လည်း အခုလိုအစီအစဉ်ကို ရိုက်ကူး ဖော်ပြပေးခဲ့တာပဲ ဖြစ်ပါတယ်လို့ သရုပ်ဆောင်လွင်မိုးက မြန်မာ့အလင်းကို ရှင်းပြပါတယ်။

စေတနာ

ဒီလို ခေါင်းစဉ်ချီး ရွေးချယ်ပေးတာကလည်း ကျွန်တော်ဟာ ဒီပရိုဂရမ်တွေကို ရိုက်ကူးနေတယ် ဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်သွားရအောင် ပေးခဲ့တာပါလို့ ဆိုပါတယ်။ သရုပ်ဆောင် အလုပ်ကို သက်တမ်းရလာတဲ့ အခါ ပြည်သူတွေနဲ့ ပရိသတ်အပေါ် ပေးဆပ်ချင်တဲ့စေတနာ ဖြစ်ပေါ်လာတာနဲ့ တိုင်းရင်းသားတွေရဲ့ အကြောင်းကို ထူးထူးခြားခြား စဉ်းစားမိပြီး လုပ်ဖြစ်ခဲ့တာပါလို့လည်း ကိုလွင်မိုးက ပြောပြပါတယ်။

ကြိုးစားဖီစဉ်

ဒါကြောင့် စိတ်ဝင်စားစရာကောင်းတဲ့ တိုင်းရင်းသားတွေအကြောင်းကို ပရိသတ်တွေ အခမဲ့ ကြည့်ရှုလေ့လာခွင့်ရအောင်၊ တိုင်းရင်းသားတွေ နေထိုင်ရာ သဘာဝပတ်ဝန်းကျင် အလှအပတွေကိုလည်း မြင်တွေ့ခွင့်ရအောင် ကျွန်တော် ကြိုးစားဖီစဉ်ခဲ့တာပါလို့လည်း သရုပ်ဆောင် လွင်မိုးက ရှင်းပြပါတယ်။

မျက်မြင်တွေ့ရှိ

တိုင်းရင်းသားတွေရဲ့ အကြောင်းကို စာရေးဆရာတွေက ရေးသားခဲ့ကြတာတွေရှိပေမယ့် အခုအချိန်မှာ နည်းပညာတွေ တိုးတက် ပြောင်းလဲပြီဖြစ်တာမို့ တိုင်းရင်းသားတွေရဲ့ဟန်၊ တိုင်းရင်းသားတွေရဲ့ အသဲနဲ့ သူတို့နေထိုင်သွားလာမှုတွေကို မျက်မြင်တွေ့ရှိခဲ့စေးပြီ ဖြစ်ပါတယ်။

ချင်းပြည်နယ်ခရီးစဉ်မှာ ထူးထူးခြားခြား တွေ့ရှိခဲ့ရတာကတော့ ချင်းပြည်နယ် မြောက်ဘက်အစွန်ဆုံးမှာရှိတဲ့ တွန်းဓဲမြို့အဝင်မှာ လူတစ်ရပ်ကျော်ရှိတဲ့ ကျောက်တိုင်ကြီးတွေပါပဲ။ တချို့ ကျောက်တိုင်ကြီးတွေဟာ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိနေပြီး ချင်းတိုင်းရင်းသားတွေရဲ့ ပန်းပုလက်ရာတွေလည်း မြင်တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။

အိုးအို

ချင်းတိုင်းရင်းသား အဘိုးအို တစ်ဦး၏ အသွင်အပြင်ကို ဤသို့မှတ် တမ်း တင်ထားသည်။

အခြေခံရိုက်ကူးခဲ့

"တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံအစဉ်အလာယဉ်ကျေးမှု အပေါ် အခြေခံ ရိုက်ကူးခဲ့ပါတယ်"

သရုပ်ဆောင် လွင်မိုး

ခက်ခက်ခဲခဲ

လွင်မိုးအနေနဲ့ **"လွင်မိုး ခရီးသွားနေသည်"** ဆိုတဲ့ ရုပ်မြင်သံကြား အစီအစဉ်ရဲ့ ခေါင်းစဉ်ခွဲတစ်ခုဖြစ်တဲ့ ချင်းပြည်နယ် ခရီးစဉ် ရိုက်ကူးမှုဟာ စုစုပေါင်း ၂၆ရက်ကြာခဲ့ပြီး ခက်ခက်ခဲခဲရိုက်ကူးခဲ့ရမှုတွေလည်း ပါဝင်ခဲ့တာကြောင့် ပြည်သူတွေ နှစ်ခြိုက်အားပေးမှုရရှိခဲ့တာ ဖြစ်ပါတယ်။

"လွင်မိုးခရီးသွားနေသည်" ဆိုတဲ့ အစီအစဉ်အောက်မှာ ခေါင်းစဉ်ခွဲတစ်ခုအဖြစ် လာမယ့် ဧပြီ ၁၀ ရက်မှာ မြို့တိုင်းဒေသကြီး ၇ခုနဲ့ ပြည်ထောင်စုနယ်မြေ ၁ခုကို ရိုက်ကူးဖို့သွားဦးမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုတော့ **"မြိတ်ကျွန်း:စုများဆီသို့"** လို့ အမည်ပေးထားပြီး မြိတ်ကျွန်းစုတွေရဲ့ အကြောင်းကို ရိုက်ကူးတင်ဆက်ဦးမှာ ဖြစ်ပါတယ်။

ဒီအစီအစဉ်တွေရိုက်ကူးခဲ့တာဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေ ကြိုက်နှစ်သက်ဖို့ အဓိက ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်လို့ လွင်မိုးက ပြောကြားခဲ့ပါတယ်။ နိုင်ငံတကာမှာ အင်တာနေရှင်နယ်ဖြစ်အောင်ဆိုတာ ပြည်တွင်းမှာ ပရိသတ်ကြိုက်ပြီး လက်ခံမှုရှိလာအောင် ကြိုးစားတာနဲ့အမျှ အဲဒီကမှ အင်တာနေရှင်နယ်ဆိုတာ ဖြစ်လာတာပါဝဲလို့ တောင်ကိုရီးယားက အနုပညာရှင်တစ်ဦး ပြောခဲ့ဖူးသလို **"လွင်မိုးခရီးသွားနေသည်"** ဆိုသည် မှာလည်း....။

(မြန်မာ့အလင်း)

လွင်မိုး ခရီးသွားနေသည်ဆိုတဲ့ အစီအစဉ်ကို ရိုက်ကူးခဲ့တာဟာ တိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့ထုံးတမ်း အစဉ်အလာ ယဉ်ကျေးမှုအပေါ်အခြေခံ တိုင်းရင်းသားတွေရဲ့ ရိုးသားမှုကို အားနည်းချက်အသွင်မဖြစ်စေဘဲ ဖော်ပြခဲ့၊ မိမိကိုယ်တိုင် ချစ်ခင်ရင်းနှီးစွာ ပါဝင်တင်ဆက်ခြင်းဖြင့် ကြည့်ရှုသူပရိသတ်များအနေနဲ့ တိုင်းရင်းသားများအပေါ် မေတ္တာစေတနာများ တိုးပွားလာ။

ချင်းတိုင်းရင်းသား ဓနိုးမောင်နှံနှစ်ဦးနှင့် လွင်မိုး။

ချင်းတိုင်းရင်းသား နေအိမ်

တိရစ္ဆာန်ဦးခေါင်းခွံမျိုးစုံကို အိမ်ရှေ့တွင် ချိတ်ဆွဲထားသည့် ချင်းတိုင်းရင်းသားတို့၏ နေအိမ်တစ်အိမ်ကို ဤသို့တွေ့ရသည်။

ချင်းတိုင်းရင်းသားတို့၏ နေထိုင်မှုပုံစံကို ရိုက်ကူးရန် ပြင်ဆင်ခဲ့ကြစဉ်။

စာပေထူးချွန်ဆုရှိုးဖြင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအောင်ဖြင့်သန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်များတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Direct Broadcast Satellite Co.,Ltd.မှ Vice President, Mr. Huang Baozhong နှင့် Project Manager, Mr. Li Xiaolongတို့သည် ဒီဇင်ဘာ ၁၇ ရက် ဝန်ကြီး ၈ ဦးတို့နှင့် ရန်ကုန်ရှိ ပြည်လမ်းရှိ မြန်မာ့အသံနှင့်မှုပ်မြင်သံကြား စည်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။ (အောက်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကျောဖုံ့မှ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရဖြင့်အောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အရှိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဦးဥာဏ်ဝင်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဒေါက်တာချမ်းငြိမ်း၊ ဗိုလ်ချုပ်လှထွန်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးကြီး ကျော်ညွှန့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးကြီးဥာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မန္တလေးဖြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇေယျာအောင်၊ တပ်မတော်နည်းပညာ တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒုတိယဗိုလ်မှူးကြီးဇော်မြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ချီတက်အလေးပြု

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက် တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံး အင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၂၆၂) ဗိုလ်လောင်းကျော်မျိုးအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၄၁၂) ဗိုလ်လောင်းတင်ဆန်းဦး၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၇၄၅) ဗိုလ်လောင်းအောင်မြင့်သန်းတို့အား ဆုများကိုအသီးသီးချီးမြှင့်သည်။

ဆောင်းချုပ်မှုမြှ

၁၉-၁၂-၂၀၀၇

ဟာခါ:

၀ ဒီဂရီစင်တီဂရိတ်

ပူတာအို

၄ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၂-၂၀၀၇ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိဗ္ဗိတော သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အာဒိဇ မဟာရဋ္ဌဂုရု အာဒိဇ အဂ္ဂမဟာသဒ္ဓမ္မ ဓောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အထူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာရိုးအား မင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈:၀၀ ၆။ အဆိုပြိုင်ပွဲ

၈:၃၀ ၇။ အကပဒေသာ

၈:၂၀ ၈။ ဘိုင်းဒါးတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညနေပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆:၁၅ ၂။ မြို့ချုပ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနေ့ (စိတ်ပညာအထူးပြု) [စိတ်ပညာ]

၁၇:၀၀ ၅။ တေးဂီတအစီအစဉ်

၁၇:၁၅ ၆။ ချစ်စရာအလွယ် ကကြိုးသွယ်

၁၇:၃၀ ၇။ မူပန်သွယ်သွယ် ဆိုကြမယ်

၁၇:၄၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၁၈:၀၀ ၉။ ညနေခင်းသတင်း

၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၁။ အတီးပြိုင်ပွဲ

၁၈:၄၅ ၁၂။ **ငှက်တစ်သောင်း** ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီဈေး၊ ဦးမြင့်စိုး၊ တိမ်ညွှန့် (ဒါရိုက်တာ-မောင်သီ)

၁၉:၀၀ ၁၃။ တေးဂီတအစီအစဉ်

၁၉:၁၅ ၁၄။ နိုင်ငြားဓာတ်လမ်းတွဲ **ရေသူမလေးရဲ့ တတိယချစ်ပုံပြင်** (အပိုင်း-၂၈)

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဓာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း-၁၁)



နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အင်အားမြင့် လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး

(ခ) ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရပ်ညွှန်ချက်များနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး

(ဃ) ဒေတိမ်ဖွဲ့ကြိုးတိုးတက်သော ဝေးကမ်ဘရြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးကပြည်ထောင်စုဓိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ခွန်ကျတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

မိန့်ခွန်းပြောကြား

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို မိန့်ခွန်းပြောကြားသည်။

(တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည် ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်နည်းပညာတက္ကသိုလ်ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**

အားပေးစကား ပြောကြား

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တပ်မတော် နည်းပညာ တက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆု ရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၂-၂၀၀၇
(ကြာသပတေးနေ့)

AM & PM

၇း၀၀ – ၁၀း၀၀ MRTV-4 အမှုခ် Logo ယနေ့အစီအစဉ်

၇း၀၅ – ၁၀း၅၅ အလှပပေးတဲ့ရာထောက်များ (တတိယပိုင်း) (ဆရာတော်အရှင်ပုညာနန္ဒ)

၈း၀၀ – ၂း၀၀ နိဒ္ဒာန်ဆီသို့ -- အမေးအဖြေများ

၈း၂၅ – ၂း၂၅ တေးကိတအစီအစဉ်

၈း၃၀ – ၂း၃၀ ပြည်တွင်းအနုပညာရေးရာ

၈း၅၅ – ၂း၅၅ ကျဲကူးမှသည် ကျဲကူးဆီသို့ (ဧရာဝတီတိုင်း ပဒေသာမြို့နယ်)

၉း၀၅ – ၃း၀၅ ပြည်တွင်းသတင်းအကျဉ်း

၉း၁၅ – ၃း၁၅ တေးကိတအစီအစဉ်

၉း၂၀ – ၃း၂၀ နေရောင်ခြည်ရဲရွှမ်းအား Solar Cell များ

၉း၃၀ – ၃း၃၀ နိုင်ငံတကာသတင်းအကျဉ်း

၉း၃၅ – ၃း၃၅ သီးနှံစိုက်ပျိုး အထွက်တိုး "ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်"

၉း၄၀ – ၃း၄၀ မိုးလေဒသနှံ့မှန်းချက်

၉း၄၅ – ၃း၄၅ သင်ယူလေ့လာ ဂီတပညာ (ကိုမိုင်း) (အပိုင်း–၂၀)

၁၀း၁၅ – ၄း၁၅ တေးကိတအစီအစဉ်

၁၀း၂၀ – ၄း၂၀ ပြည်တွင်းသတင်းအကျဉ်း

၁၀း၃၀ – ၄း၃၀ အိမ်တွင်းစီးပွား မှန်လုပ်နည်းပညာများ "သင်္ဘောအကြပ်ယို ပြုလုပ်ရအောင်"

၁၀း၄၅ – ၄း၄၅ တေးကိတအစီအစဉ်

၁၀း၅၀ – ၄း၅၀ ဦးနောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)

၁၁း၁၀ – ၅း၁၀ နိုင်ငံတကာသတင်းအကျဉ်း

၁၁း၁၅ – ၅း၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ-'အိုင်းရစ်'နှင့် တွေ့ဆုံခြင်း) (အပိုင်း–၂)

၁၁း၃၅ – ၅း၃၅ တေးကိတအစီအစဉ်

၁၁း၄၀ – ၅း၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရယ်ရော မောရော)

၁၂း၀၅ – ၆း၀၅ စီတင်စားစရာ ကျောက်မျက်ကမ္ဘာ (တော်ဝင်ရတနာ ကျောက်မျက်နီလာ)(အပိုင်း–၂)

၁၂း၄၅ – ၆း၄၅ သွေးလွှဲရှင်များနေ့

၁၂း၅၅ – ၆း၅၅ တေးကိတအစီအစဉ်

၁၃း၀၀ – ၇း၀၀ MRTV-4 အဝိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF ဟိန္ဒိအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘက်စုံစုဆောင်းဖြင့်

ဒီဇင်ဘာ ၁၅ ရက်က ဒဂုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၂)၏ ပညာရည်ချန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပဉမတန်းအထိ ခြောက်နှစ်ဆက်တိုက် ဘက်စုံထူးချွန်ဆုရရှိသော ပဉမတန်း(က)မှ မောင်ခန့်ညားအား ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက ဆုဖိုးဖြင့်စဉ်။

(က–ပ)

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချန်ဆုပေးပွဲကို ၂၀၀၈ခုနှစ် ဧန်နဝါရီ ၂၆ ရက် (စနေနေ့) နံနက်စနာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်မွေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင် မိသားစုထဲမှ အသက် ၇၅ နှစ်နှင့်အထက် ပူဇော်ခံ ပုဂ္ဂိုလ်များ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးရသူများ၊ ၂၀၀၆ခုနှစ် အမျိုးသားစာပေဆုရရှိသူ၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် မာန်အောင်မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသည့် ကလောင်ရှင်များသည် ဇန်နဝါရီ ၁၉ရက် နေကာဆိုးထား၍ ဥက္ကဋ္ဌဗိုလ်မှူးအောင်စိန်(ငြိမ်း)နှစ်–၅၀၁၂၆၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးတင် ဖုန်း–၅၄၅၂၉၃၊ ဦးထွေးဖြူ ဖုန်း–၅၀၂၆၃၄၊ အတွင်းရေးမှူး ဦးအုန်းမြင့် ဖုန်း–၅၆၁၇၈၀၊ ဦးသိန်းဖေ ဖုန်း–၅၀၁၈၄၆/၃၃၀၊ ဒေါ်သီသီအောင် ဖုန်း–၅၅၅၇၅၇၊ ဒေါ်ညွှန့်ညွှန့်ကြည် ဖုန်း–၆၄၄၃၃၆ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

(က–ပ)

၂၀၀၇ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ် ရုရှားသမ္မတပူတင် ရွေးချယ်ခံရ

ဝါရှင်တန် ဒီဇင်ဘာ ၁၉

ရုရှားသမ္မတ ဗလာဒီမာပူတင် **(ယာဝုဲ)** ကို ဒီဇင်ဘာ ၁၉ ရက်က ၂၀၀၇ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ်အဖြစ် တိုင်းမဂ္ဂဇင်းက ရွေးချယ်ခဲ့ကြောင်း အင်တာနက်သတင်းဌာန ဖော်ပြသည်။

ပြန်လည်တည်ဆောက်

ပူတင်သည် ရုရှားနိုင်ငံကို ဖရိုဖရဲဖြစ်နေသောအခြေအနေမှ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ထိုကဲ့သို့ ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း ယင်းသတင်းဌာန ဖော်ပြထားသည်။

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း



ထူးခြားဖြစ်ခဲ့ဦး ကမ္ဘာတစ်ခွင်

■ ပြင်သစ်နိုင်ငံ ပါရီမြို့ အရှေ့တောင်ပိုင်းဒေသများတွင် ဒီဇင်ဘာ ၁၇ ရက်က အအေးလှိုင်းကျရောက်ခဲ့ရာ အပူချိန် ရေခဲမှတ်အောက်ကျဆင်းခဲ့၍ ငါးဦးသေဆုံးသွားသည်။

■ **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့၌ ဒီဇင်ဘာ ၁၇ ရက်က အင်အားပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ ပင်လယ်ပြင်၌ ပေ ၃၀မြင့်သော ရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့သည်။**

■ ပါရာဂွေးနိုင်ငံ ဆီဗီရိုလေဆိပ်သို့ ပျံသန်းလာသော လေယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၁၉ ရက်က ဆီဗီရိုလေဆိပ်မှ ခြောက်ကီလိုမီတာအကွာတွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသူ ငါးဦးစလုံး သေဆုံးခဲ့သည်။

■ **ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ဒီဇင်ဘာ ၁၇ ရက်က ဓရန္တမတ်အကြို လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆန့်တာဓရော့၏ ဝတ်စုံဝတ်ဆင်ထားသူ ၂၀၀၀ခန့်တို့က စုပေါင်းအပြေးပြိုင်ပွဲတစ်ရပ်၌ ပါဝင်ဆင်နွှဲခဲ့ကြသည်။** (အပေါ်ပုံ)

■ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာ ၁၉ ရက်က အဓေရိကန် စစ်ရဟတ်ယာဉ်တစ်စင်း မြေပြင်မှ ပစ်ခတ် တိုက်ခိုက်မှုခံခဲ့ရသဖြင့် ရဟတ်ယာဉ်ကိုယ်ထည်များ ထိမှန်ပျက်စီးခဲ့ပြီး မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

■ **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ကော်ဖီစိုက်ခင်းတစ်ခုသို့သွားရန် လူ ၈၀ ခန့် တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ဒီဇင်ဘာ ၁၉ ရက်က အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ၁၉ဦး သေဆုံးသွားသည်။**

■ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အရှေ့တောင်ဘက်ရှိ ကျေးရွာတစ်ရွာတွင် ဒီဇင်ဘာ ၁၉ ရက်က ကျားတစ်ကောင် ဝင်ရောက်လာပြီး တိုက်ခိုက်ခဲ့မှုကြောင့် ရွာသားလေးဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ကောင်္ဘာဈာကျေးရွာတွင်လည်း ဒီဇင်ဘာ ၁၈ ရက်က တောဆင်ရိုင်းများ ဝင်ရောက်သောင်းကျန်းခဲ့မှုကြောင့် ရွာသားလေးဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံ မီဟာပူရာမြို့တောင်ပိုင်းတွင် ဒီဇင်ဘာ ၁၉ ရက်က ခရီးသည်တင် မီးရထားတစ်စင်း လမ်းချော် တိမ်းမှောက်မှုကြောင့် ၅၀ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့် ရထား တိမ်းမှောက်မှု မြင်ကွင်း။
(ဓာတ်ပုံ-အင်တာနက်)

ကျဝန်နိုင်ငံကမ်းလွန် မိုင် ၁၀၀ ခန့်အကွာ ဒုံးပျံလွှတ်တင်ရေး စခန်းမှ အင်္ဂါအမ်-၃ ဒုံးပျံ တစ်စင်းကို ဒီဇင်ဘာ ၁၈ရက်က ဤသို့ လွှတ်တင်ပို့ကိုသည်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ အာကာသယာဉ်စခန်းတွင်ရောက်ရှိနေသော အာကာသယာဉ်မှူး ပက်ဂိုရိုင်းဝစ်ဆင်သည် ဒီဇင်ဘာ ၁၈ရက်က နိုင်ငံတကာ အာကာသယာဉ်စခန်း ကိုယ်ထည်တွင်ပျက်စီးနေသော နေစွမ်းအင်အသုံးပြုစနစ်ကို အာကာသတွင်းထွက်ကာ ပြင်ဆင်မှုများပြုလုပ်ခဲ့သည့် မြင်ကွင်း။
(ဓာတ်ပုံ-အင်တာနက်)



လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိုက်များ

နိုင်ငံတကာ မှုခင်းဖြစ်ရပ်

လွမ်းတေးကိုသာ သီပါလေတော့

တူရင်မြို့သည် အီတလီနိုင်ငံ၏ အဓိကမြို့ကြီးများတွင် မပါဝင်သော်လည်း လူနေထူထပ်ပြီး စည်ကားလှသော မြို့တစ်မြို့ဖြစ်သည်။ ထိုမြို့ကလေးတွင် နုနယ်ပျိုမျစ်သည့် ငယ်ဂုဏ်နှင့် ပြည့်စုံသော မိန်းမချောကလေးတစ်ဦးရှိသည်။ ငယ်ဂုဏ်ကြောင့် သူမအား အရွယ်စုချစ်ကြိုက်ပိုးပန်းသူများက ဝိုင်းဝိုင်းလည် နေသည်။

သင့်မြတ်စေချင်

မိဘများက သမီးဖြစ်သူအား "ဆင်နှင်းပြီး မြင်းကန်"အဖြစ်မျိုးကို မကြည့်လိုဘဲ "ဆင်စီးပြီး မြင်းရံ"သည့်အဖြစ်ကို ကြည့်လိုခဲ့ကြသည်။ သမီးနှင့် သက်တူရွယ်တူဖြစ်သူ သို့မဟုတ် အသက်အနည်းငယ်ခန့်ကြီးသူဖြစ်ပြီး "အဆင်းရောအချင်းပါ ပြည့်စုံသူ"တစ်ဦးနှင့် သင့်မြတ်စေချင်ကြသည်။

ကြင်ဖော်ကြင်ဖက်

သို့သော်လည်း မိဘများထင်သလို ဖြစ်မလာခဲ့ပေ။ "ကမ်းပါးသည် စားချင်ရာစား ငြိုချင်ရာငြိုတတ်သကဲ့သို့ အချစ်ဆိုသောလိပ်ပြာကလေးသည်လည်း နားချင်ရာနား၊ ခိုချင်ရာခို"တတ်ပါသည်။ ယင်းဆိုရိုးအတိုင်း မိန်းကလေးသည် ရွေးချယ်စရာအများကြီးရှိသည့်အနက်မှ သူ့ထက် အသက်ထက်ဝက်ကျော်ကြီးသော အသက် ၅၄ နှစ်အရွယ်ရှိ ဇင်ဆင့်ခ်ိ ဆီဆီ**(အပေါ်ပုံ)**ကို ကြင်ဖော်ကြင်ဖက်အဖြစ် ရွေးချယ်မိပေပြီ။ "အချစ်တွင် မျက်စိမမှိ"ဟူသော စကားပုံကို အကောင်အထည်ဖော်ခဲ့သူမှာ အသက် ၂၆ နှစ်အရွယ်ရှိ ဂျီယန်ကာလာလော်ရင်ဆီဆီသူ အချိုးသမီးဖြစ်သည်။ ခင်ပွန်းမှာ ပုံနှိပ်တိုက်ပိုင်ရှင် လူချမ်းသာတစ်ဦးဖြစ်သဖြင့် မိဘများ၏ စိန္ဒနိုးနှင့် မပြည့်စုံသော်လည်း လုံးလုံးကွာဟမှုတော့ မရှိချေ။

သူမ၏ခင်ပွန်းသည် ဆေးလိပ်မသောက်၊ အရက်မသောက်တတ်သကဲ့သို့ ကော်ဖီလည်း သောက်လေ့မရှိပေ။ ဧည့်ခန်းထဲတွင် **"ဆေးလိပ်မသောက်ရ"**ဟူသော ဆိုင်းဘုတ်ကလေးပင် ချိတ်ထားလိုက်သေးသည်။ ထိုဆိုင်းဘုတ်ကလေးက သူမအတွက် စိတ်ချမ်းသာစရာ။ ခင်ပွန်းသည်ဖြစ်သူက တည်ကြည်ဖြောင့်မှန်သည်။ ပကတိတည်ငြိမ်အေးဆေးသည်။ အိမ်၌ အမြဲတမ်း ထမင်းလက်ဆုံစားလေ့ရှိပြီး အစစအရာရာ ဂရုစိုက်သဖြင့် ကြည်နူးချမ်းမြေ့ဖွယ်ရာပင်။

ခင်ပွန်းဖြစ်သူသည် စိုက်ပျိုးရေးကို ဝါသနာပါပြီး ၎င်းတို့နှစ်ဦးနေထိုင်သော ခြံဝန်းကျယ်ကြီးထဲတွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များဖြင့် ပန်းဥယျာဉ်ကလေးကိုပင် ပြုစုပျိုးထောင်ထားပေးခဲ့သည်။ မိန်းမပျိုအဖို့ မိမိအပေါ် လိုလေသေးမရှိအောင် ပြည့်စုံစွာထားပေးသော ခင်ပွန်းသည်အပေါ် ချစခင်ယုံကြည်ကိုးစားမှုအပြင် ကြည်ညိုလေးစားမှု ဆထက်ကဲမိတော့သည်။

တူနစ်ကိုယ်တိုင်းပြည်

မစ္စတာဆီဆီသည် အားလပ်သည့်အချိန်တိုင်း ဇနီးသည် လော်ရင်ဇီနှင့်အတူ အပျော်ခြေကျင်ခရီးထွက်ခြင်း၊ စက်ဘီးစီးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်းဖြင့် အားလပ်ချိန်များကို ပျော်ရွှင်စွာကုန်လွန်စေခဲ့ပြီး တူနစ်ကိုယ်တိုင်းပြည် ချစ်မိမာန်နန်းကို ပျော်ရွှင်စွာတည်ဆောက်ခဲ့ကြလေသည်။

ယခုနှစ် ဖေဖော်ဝါရီလ၏ ညတစ်ည၌ကတော့ လော်ရင်ဇီ၏စိတ်ထဲတွင် ယနေ့တိုင် မေ့မရခဲ့။ သူမ၏ချစ်ဘုံဗိမာန်ကလေး အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးသွားခဲ့ပြီး သူမ၏ဘဝကိုလည်း ကျွမ်းထိုးမှောက်ခဲ့ ကြမ္မာဆိုးဝင်ခဲ့သည်။ ထိုညတွင် ရဲအရာရှိ ၄၀ က သူတို့၏အိမ်သို့ ဝင်ရောက်စီးနင်းပြီး ခင်ပွန်းသည် ဗင်းဆင့်ခ်ိဆီဆီအား ဖမ်းဆီးခဲ့သည်။ သူမတို့ နေထိုင်သွားလာခဲ့ပုံများကို သာကေပြုလျက် ခင်ပွန်းကို မှားယွင်းဖမ်းဆီးခြင်းဖြစ်ကြောင်း ရဲအရာရှိများကို ရှင်းပြခဲ့သည်။ ရဲအဖွဲ့က ၎င်းတို့ဖမ်းဆီးသော အကြမ်းဖက်အုပ်စုများထဲတွင် ဗင်းဆင့်ခ်ိဆီဆီနှင့် အမာ ရီလ်ဗီကက်ပ်ရီယို ဆိုသူ အသက် ၂၆ နှစ်အရွယ်ရှိ မီလန်တက္ကသိုလ်ကျောင်းသူတစ်ဦးနှင့် စက်ရုံအလုပ်သမား ၂၀ပါဝင်ပြီး နှစ်ပေါင်းများစွာ လှုပ်ရှားခဲ့ကြောင်း၊ အခြားသူအချို့မှာ ၁၉၇၀ ပြည့်နှစ်ကတည်းက သက်ရှိထင်ရှားမရှိတော့ကြောင်း သူမအား ပြောကြားခဲ့ရာ ခင်ပွန်းသည်၏ဖြစ်အင်ကို လက်ခံခဲ့ရတော့သည်။

ရဲအဖွဲ့၏ဖော်ထုတ်ချက်အရ မစ္စတာဆီဆီသည် ၁၉၇၅ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့ဝင် နက်နက်ရှိုင်းရှိုင်းပါဝင်ခဲ့ပြီး ဘဏ်ဓားပြမှုများကျူးလွန်ရန် စီစဉ်ခဲ့သည်။ မစ္စတာဆီဆီ၏ ကြက်သွန်ဖြူခင်းအတွင်း မြုပ်ထားသော ရိုင်ဖယ်သေနတ်များနှင့် လယ်တဲဟောင်းတစ်လုံးအနီးတွင် မြုပ်နှံထားသောလက်နက်များကို ရှာဖွေသက်သေပြခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များက လူ ၁၀၀ဝကျော်ကို သတ်ဖြတ်ခဲ့ခြင်း၊ ၁၉၇၈ခုနှစ်တွင် အကြီးအကဲတစ်ဦးနှင့် ကိုယ်ရံတော်ကို လုပ်ကြံခဲ့ခြင်း၊ ၁၉၉၉ ခုနှစ်တွင် ပါမောက္ခတစ်ဦးကို သတ်ဖြတ်ခဲ့ခြင်း စသည့် သွေးစွန်းသောလုပ်ရပ်များက တစ်နိုင်ငံလုံးကို တုန်လှုပ်ချောက်ချားစေခဲ့သည်။ ပေးဆပ်ရမည့်ပြစ်ဒဏ်ကို မမျှော်မှန်းနိုင်ခဲ့ပေ။ ယင်းပြစ်မှုကြောင့် ဖမ်းဆီးခံရချိန်တွင် အပြစ်မဲ့ဇနီးသည်၏ပါးပြင်ကို ကြင်နာစွာကိုင်တွယ်ရင်း ခေါင်းကိုပွတ်သပ်ကာ နှစ်သိမ့်ခဲ့ရသည်။ ဇနီးသည်၏ မိမိပြန်လာမည့် အချိန် မေးမြန်းမှုကို နှုတ်ဖြင့်မဖြေရက်တော့ဘဲ စိတ်ထဲမှ သည်ဘဝသည်မျှသာဟု တွေးရင်း ရင်ထဲမှာ လွမ်းတေးကိုသာ သီဆိုပါလေတော့ဟု ရေရွတ်ကာ ရဲအရာရှိများခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားခဲ့ရတော့သည်။ ။

ကိုးကားတင်ပြသူ- ချစ်စိုးနိုင်

ကျေနပ်ဝမ်းမြောက်

ယခုပွဲတော်ကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်တာ တွေ့ရတော့ ပင်ပန်းခဲ့သမျှတွေကို ဖြေဖျောက်ပြီး ကျေနပ်ဝမ်းမြောက်မိပါတယ်"

မြန်မာနိုင်ငံ၏ ခေတ်သစ်နည်းပညာမြို့ ရတနာပုံတယ်လီပို့ဠီ လွှေလာခဲ့ရောဝယ်

သတင်းမြင်ကွင်း–သူရစော်(မြန်မာ့အလင်း)၊ စာတိုရုံ–ညီညီထွန်း(မြန်မာ့သတင်းဓဠိ)

ရန်ကုန် ဒီဇင်ဘာ ၁၉

နိုင်ငံတော်က မြန်မာ့အိုင်တီနည်းပညာကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အိုင်တီနည်းပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်နှင့် မြန်မာ့အိုင်တီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် မန္တလေးမြို့ အရှေ့မြောက်ဘက် ၂၁မိုင်ခန့်အကွာတွင် မြန်မာပြည်၏ ပထမဆုံးသော နည်းပညာမြို့တော် ရတနာပုံဒုတိုက်ဘာစီးတီးကို တည်ထောင်ခဲ့သည်။

ခေတ်မီတိုးတက်သော နိုင်ငံတိုင်းတွင် ယခုကဲ့သို့ဆိုက်ဘာစီးတီးများ တည်ထောင်ထားရှိပြီး နိုင်ငံ၏ နည်းပညာလိုအပ်ချက်များနှင့် အိုင်တီအခြေခံစီးပွားရေးထုတ်ကုန်များကို လုပ်ကိုင်လျက်ရှိကြသည်။ ရတနာပုံဆိုက်ဘာစီးတီးဖွင့်ပွဲနှင့် အတူ ဆန္ဒမအကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ်ပွဲတော်ကို မန္တလေးတိုင်း ရတနာပုံတယ်လီပို့ဠီ ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာ့အလင်းပရိသတ်များ လေ့လာသိရှိနိုင်စေရန် အတွက် သွားရောက်စေရ သတင်းယူခဲ့ပါသည်။

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ဦးတင့်လွင်(အထွေထွေမန်နေဂျာ)က ပြောကြားရာတွင် "ယခုဖွင့်လှစ်လိုက်သော ဆိုက်ဘာစီးတီးဟာ အစပဲရှိပါသေးတယ်။ နောက်ပိုင်းမှာ Trainning, IT Factory, Software/Hardware House တွေအပြင် ဝန်ထမ်းအိမ်ရာ၊ ဆေးရုံ၊ ကျောင်း၊ ဈေး စသဖြင့် မြို့သစ်အတွက် လိုအပ်သည်များကို အပိုင်းလိုက် အကောင်အထည်ဖော်သွားမှာပါ။ ယခုပွဲတော်ကို အောင်အောင် မြင်မြင်နဲ့ ကျင်းပနိုင်တာ တွေ့ရတော့ ပင်ပန်းခဲ့သမျှထက် ပိုပြီးကျေနပ်ဝမ်းသာမိပါတယ်"လို့ ပြောကြားခဲ့သည်။

ရှင်းလင်းဖြေကြား

တာဝန်ရှိသူများကလာရောက်မေးမြန်းသူများအား စိတ်ရှည်လက်ရှည် ရှင်းလင်းဖြေကြားပေးခဲ့သည်။

အိုင်စီတီရက်သတ္တပတ်ပြပွဲတွင် လာရောက်ခင်းကျင်းပြသထားသော SunTac Technologies Company မှ ဦးတင်မြင့် (Director) က "ဒီပွဲမှာ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အိုင်တီနည်းပညာသုံး အင်ဂျင်နီယာနည်းပညာများ၊ ပြိုပါတ့ရာတပ်ပုရိုက်ကူးပြီး ရတနာပုံဆိုက်ဘာစီးတီး Townplan ရေးဆွဲခဲ့တာရယ်၊ Megtronic နည်းပညာကို အသုံးပြုပြီး စက်ရုပ်တည်ဆောက်ထားရှိမှုတွေအပြင် နိုင်ငံတော်ရဲ့စီမံကိန်းတွေမှာ ကောင်းကြိုက်တုရိုက်ကူးခြင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေပြင်တိုင်းတာခြင်း စသည့် အင်ဂျင်နီယာနည်းပညာများကို ပြသထားပါတယ်၊ အိုင်တီနည်းပညာနှင့် အင်ဂျင်နီယာနည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းအပိုင်းကို လူငယ်တွေကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးချနိုင်စေဖို့ ရည်ရွယ်ခင်းကျင်းပြသထားပါတယ်"ဟူ၍ ပြောကြားသည်။

ALLIANCE STARS Co., Ltd. ပြခန်းတွင် ဒေါ်ငင်းမင်းသူ (Manager) က "မိမိတို့ကုမ္ပဏီအနေဖြင့် ဝယ်ယူအသုံးပြုသော ပြည်သူများအတွက် အာမခံချက်နှင့်အရည်အသွေး အစစ်အမှန်များကိုအသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး စင်ကာပူနိုင်ငံမှတိုက်ရိုက်မှာယူတင်သွင်းသော Foxconn, Eagle, Lenovo စသည့် အမျိုးအစားများကို အဓိက ထားရောင်းချကြောင်း၊ ယခုပြပွဲတွင် Lenovo ကုမ္ပဏီထုတ်ကွန်ပျူတာတစ်စုံကို ကျပ်သုံးသိန်းဖြင့် ရောင်းချပေးနေကြောင်း၊ ၎င်း၏ထူးခြားချက်မှာ ကွန်ပျူတာတစ်ခုလုံးကို ၎င်းကုမ္ပဏီမှ ထုတ်လုပ်သောပစ္စည်းများဖြင့် တပ်ဆင်ထားသည့်အတွက် ရှိုးရိုးသာမန်ကွန်ပျူတာများထက် ပိုမိုကြာရှည်ခံပြီး ကွန်ပျူတာတွင် ပါဝင်သော နှုန်းအပြည့်ကို ရရှိမှာဖြစ်ကြောင်း၊ ယင်းအမှတ်တံဆိပ်ဝယ်သည် အာရုတိုက်၌ အကောင်းဆုံးစွမ်းအဖြစ် အသိအမှတ်ပြုထားကြောင်း၊ မိမိတို့ ကုမ္ပဏီအနေဖြင့် ကွန်ပျူတာရောင်းချခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် Network လုပ်ငန်းများကိုပါ Customer စိတ်ကြိုက်ဖြစ်သည်အထိ ဝန်ဆောင်မှုပေးနေကြောင်း"ကို မြန်မာ့အလင်းသို့ ပြောကြားသည်။

သတင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ ပထမဆုံးကောင်းကင်ဂြိုဟ်တုဖြင့် မြေပုံရေးဆွဲခြင်း၊ လမ်းအုံကြောင်း တိုင်းတာမြေပုံ ထုတ်လုပ်ခြင်း၊ လမ်းဒီဇိုင်းဆင်ဂျင်နီယာလုပ်ငန်းများ၊ ဆည်မြောင်း၊ တာတမံ တည်ဆောက် ရေးနှင့် ရေအားလျှပ်စစ်လုပ်ငန်းများအတွက် မြေတိုင်း၊ ပုံထုတ်လုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသော Myanmar Credent Technology မှ ဦးမောင်မောင်ဝင်း (Sales Executive) နှင့် တွေ့ဆုံမေးမြန်းကြည့်ရာ "ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် Geospatial and IT Solution & Services လုပ်ငန်းတွေဖြစ်တဲ့ GIS/Mapping၊ Aeronautical Charting and Aerospace Management Systems၊ Hydrographic Charting and Port Management Systems စသည့် နည်းပညာများကိုအသုံးပြုပြီး ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနများနှင့်ကုမ္ပဏီပေါင်း ၃၀ ကျော်ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျွန်တော်တို့သိရှိနားလည်တဲ့ နည်းပညာများကို လူငယ်များသိရှိတတ်ကျွမ်းစေရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းနှင့်ပူးပေါင်းပြီး သင်တန်းများဖွင့်လှစ်ခဲ့သည်မှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခု လောလောဆယ်မှာ ကြဲခင်း–ပခုက္ကူရထားလမ်းအတွက် လမ်းအုံကြောင်း ရေးဆွဲခြင်းကို ဆောင်ရွက်နေကြောင်း။ ကုမ္ပဏီက အသုံးပြုလျက်ရှိသော နည်းပညာကို ဒီထက် ပိုမို ကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်အောင် စီစဉ်ထားကြောင်း" မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

သတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ်ပွဲတော်အတွင်း လာရောက်လေ့လာကြသူများကလည်း သူတို့ရဲ့ ရင်ခုန်သံတွေကို မြန်မာ့အလင်းသို့ ပြောကြားရာ "အန်တီနာမည်က ဒေါ်ယုယုဇော်(ယုအထွေထွေအကျိုးဆောင်လုပ်ငန်း)မန္တလေးကပါ။ အရင် မန္တလေး ICT ပွဲမှာကိုလဲ ရောက်ဖူးပါတယ်။ ဒီကို လာရောက်တာက နည်းပညာဆိုတွေကို သိရှိလိုခြင်းနှင့် အန်တီတို့လုပ်ငန်းနဲ့ ကိုက်ညီမှုရှိသော Software ရေးသားအပ်နှံဖို့ အတွက် လေ့လာနေပါတယ်"ဟု ပြောကြားသည်။ ဆက်လက်ပြီး မန္တလေး ကွန်ပျူတာတက္ကသိုလ်က မပြည့်ဖြိုးသူ၊ မချောစုနိုင်နှင့် မလျှစ်ဖြိုးတို့က "သမီးတို့မသိသေးတဲ့ နည်းပညာသစ်တွေကို ကြည့်ရှုလေ့လာခွင့်ရတဲ့ အတွက် ဗဟုသုတအများကြီးရပါတယ်။ Software ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေတဲ့သူငယ်ချင်းတွေကို လာရောက် အားပေးတာပါ"ဟူ၍ ကျောင်းသူလေးများ၏ စကားသံကို ကြားသိခဲ့ရပါသည်။

ယခုကျင်းပနေသော ရတနာပုံဆိုက်ဘာစီးတီးနှင့်မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာပြပွဲတွင် ပြခန်း ၁၁၅ ခန်းကို ခင်းကျင်း ပြသထားပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ IT ကုမ္ပဏီများ၏ နည်းပညာပြပွဲများ၊ IT နည်းပညာနှင့် Game ပြိုင်ပွဲများ၊ ဖျော်ပွဲရွှင်ပွဲများဖြင့် ပြီင်ဖြိုင်ဆိုင်ဆိုင် ကျင်းပနေသည့် ရတနာပုံဖြို့သစ်ရဲ့ ချမ်းစိမ့်သော ဆောင်းအဝင်က ပွဲတော်လာရောက်သူတို့၏ စိတ်ကို ကြည်နူးလန်းဆန်းစေလျက်ရှိပါသည်။ ။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၉ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး သံဃာ့ဆေးကုသဆောင် ဆေးပဒေသာပင်အတွက် ခုတိယအကြိမ် အလှူတော်ငွေကျပ် ၁၅၇၀၀၀၀ကို စဉ်(၇)ရပ်ကွက်၊ ဥက္ကလာလမ်းရှိ ဗုဒ္ဓ ဓမ္မ သံဃ ကလျာဏမဟာရုံ ကိုယ်စား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်က ပေးအပ်လှူဒါန်းရာ သံဃာ့ဆေးကုသဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က လက်ခံယူစဉ်။ (မြန့်မာ့အလင်း)

ကေအင်နယူအကြမ်းဖက်သောင်းကျန်းသူများ လက်နက်အားကိုးဖြင့် ခရီးသည်တင် မော်တော်ယာဉ်အား ဆွဲမိုင်းဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်၊ အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရ

နေပြည်တော် ဒီဇင်ဘာ ၁၉

ကေအင်နယူအကြမ်းဖက် သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နောင့်ယှက်ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး အနှိုင်ကျင့်ခိုလှုပ်ကျခြင်း၊ လူသတ်၊ မိုင်းထောင်၊ လုယက်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမောင့်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

ဒဏ်ရာရရှိ

ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မှ မြဝတီသို့ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ် တစ်စီးအား နံနက် ၇နာရီ ၄၅ မိနစ်ခန့်တွင် အောက်ဘိုတဲနှင့် ရေတခွန်လေးကြားအရောက်၌ ကေအင်နယူအကြမ်းဖက် သောင်းကျန်းသူ ခုနစ်ဦးခန့်က ဆွဲမိုင်းတစ်လုံးဖောက်ခွဲ၍ လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ယာဉ်မော်ပိုက်ပါလာသည့် ခရီးသည် ဘီးလင်းဖြို့နယ်မှ မင်းဆွေထွေး(၃၀)နှစ်နှင့် ၎င်း၏နို့စို့အရွယ် လူမမည်သမီး လေးတစ်ဦး၊ ကျောက်ကြီးဖြို့နယ်မှ မောင်နေဝင်း(၂၀)နှစ်နှင့် မောင်စိန်ထွန်းနိုင်(၁၉)နှစ်၊ ကျိုက်ထိုဖြို့နယ်မှ မစန်းစန်းထွေး (၂၅) နှစ်၊ ကော့ကရိတ်ဖြို့နယ်မှ ဒေါ်မိရယ်(၄၂)နှစ်၊ ဘီးလင်းဖြို့နယ်မှ မလှကြည်(၃၆)နှစ်နှင့် ဒီကောဘီအေမှ စောအေအော်ဘ စုစုပေါင်း ရှစ်ဦး သေဆုံးခဲ့ပြီး လှိုင်းဘွဲ့ဖြို့နယ် မှ ဦးစောလောကေ(၃၃)နှစ်၊ ကမမောင်းဖြို့နယ်မှ ဒေါ်နုခင် (၇၀)၊ ကော့ကရိတ်ဖြို့နယ်မှဦးမောင်နင်း(၈၀)၊ ကျောက်ကြီးဖြို့နယ်မှ မောင်ဝင်းဇေယျာမိုး(၁၉)နှစ်၊ ဘားအံဖြို့နယ်မှ မဝင်းနန္ဒာ(၅)နှစ်နှင့် ဒီကောဘီအေမှ စောမျိုး စုစုပေါင်း ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ရှင်းလင်းချေမှုန်း

ဒဏ်ရာရရှိကြသည့် လူနာများအား သက်ဆိုင်ရာ တာဝန်ခံရှိသူများက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောပုံပိုးကူညီမှုများနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ကေအင်နယူ အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ နယ်မြေခံ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံ ရှင်းလင်း ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကေအင်နယူအကြမ်းဖက် သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသူဧရိယာသည် အမျိုးသားတစ်ဦးအား ဝေဒူ,ရစဉ်။

(သတင်းစဉ်)

ကေအင်နယူအကြမ်းဖက် သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသူဧရိယာသည် အမျိုးသမီး တစ်ဦးအား ဝေဒူ,ရစဉ်။

(သတင်းစဉ်)

ပြောက်ဥက္ကလာပ သန္တာ ၁၄လမ်း ဓမ္မပူဇော်အထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက် သန္တာ ၁၄ လမ်းတွင် ဓမ္မဂုဏ်ရည် လူငယ်အဖွဲ့ကကြီးမှူး၍ (၃)ကြိမ်မြောက် ဓမ္မပူဇော အထူးတရားပွဲကို ဒီဇင်ဘာ ၂၂ရက်မှ ၃၁ ရက်အထိ ညစဉ် ၇ နာရီမှစ၍ ကျင်းပမည် ဖြစ်သည်။

ဓမ္မပူဇာပွဲ၌ ဒီဇင်ဘာ ၂၂ရက်တွင် အရှင်ကောသလ္လ၊ ၂၃ရက်တွင် အရှင်သီလကွန္ဒဘဝိဝံသ၊ ၂၄ ရက်၌ အရှင်ဝါယာမိန္ဒဘဝိဝံသ၊ ၂၅ရက်တွင် အရှင်သုမင်္ဂလ၊ ၂၆ရက်၌ အရှင်ဣန္ဒေဘာသာ၊ ၂၇ရက်တွင် အရှင်ကုသလ၊ ၂၈ရက်၌ အရှင်ရန္ဓေဘာသာသာဘိဝံသ၊ ၂၉ရက်တွင် အရှင်ဝိသုတ၊ ၃၀ရက်၌ အရှင်သုန္ဒရနှင့် ၃၁ ရက်တွင် အရှင်ဂန္ဓိယာစာရ ဆရာတော်တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-၀)

သံယုတ္တနိကာယ် (မြန်မာပြန်) ဖွင့်မိုးမံသင်တန်းဖွင့်ပွဲပြည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်မည့် (၀ထမ)အကြိမ်မြောက် သံယုတ္တနိကာယ် (မြန်မာပြန်) ရက်တိုင်မဂ်မံသင်တန်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ဟောပြောပို့ချမည် ဖြစ်ရာ မဟာဝဂ္ဂအောင်မြင်ပြီး လူပုဂ္ဂိုလ်များ၊ သံယုတ်စာဖြေဌာနများမှ သင်တန်းနည်းပြဆရာများတက်ရောက်နိုင်သည်။ နယ်စာဖြေဌာနများမှ တက်ရောက်လာမည့် ပုဂ္ဂိုလ်များသည် ဦးဝင်းမြင့် (ရုံးအဖွဲ့မှူး) ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဖုန်း-၁၇၄၀၅၅၊ ဦးအောင်လင်း(M.P.T) အတွင်းရေးမှူး ဖုန်း-၅၅၂၀၉၈ တို့သို့ ဆက်သွယ်သတင်းပို့နိုင်သည်။ သံယုတ္တနိကာယ် (မြန်မာပြန်) ပုံမှန်သင်တန်းများကိုလည်း ၂၀၀၈ခုနှစ် ဧပြီ ၅ ရက်တွင် ဗုဒ္ဓဘာသာအဖွဲ့ချုပ်၌လည်းကောင်း၊ ဧပြီ ၁၂ ရက်တွင် မင်္ဂလာဒုံမြို့ ၁၂ ရက်တွင် မင်္ဂလာဒုံမြို့ ဟံသာအသင်းချုပ်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။

(က-၀)

သနပ်ပင်အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ပဲခူးတိုင်း သနပ်ပင်မြို့နယ် အထက၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဧပြီ ၂၇ရက်(တနင်္ဂနွေ) နံနက် ၉ နာရီတွင် သနပ်ပင်မြို့ အထကကျောင်းနန်းမြို့ စည်ကားသိုက်ဖြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသားကျောင်းသူများ ဖိတ်စာရသည် ဖြစ်၏။ ဓရသည်ဖြစ်စေ မယုက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူဒေနှင့် လှူဖွယ်ပစ္စည်းများကို ဦးဖုန်းမြင့်နိုင် ဖုန်း-၀၁-၅၄၁၈၁၀၊ ဦးဝင်းကြည် ဖုန်း-၀၁-၆၀၀၉၈၈၊ ၀၉-၈၀-၂၄၄၈၀၊ ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃၊ ဦးရဲဝင်းနိုင် ဖုန်း-၀၉-၈၀-၂၀၄၀၅၀၊ ၀၉-၅၀-၃၂၉၈၂၊ ဦးကျော်ညွှန့် ဖုန်း-၀၅၂-၄၀၁၇၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂-၄၀၆၀၆၂နှင့် ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂-၄၀၁၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-၀)**

Nikon DSLR D300 နှင့် D3 ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

Nikon Singapore Pte.Ltd. နှင့်Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသော Nikon D300 နှင့် D3 ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ Special Style Photo & Electronics မှ Managing Directorဦးမောင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထိုနေ့က မိတ်ဆက်ပေးသော Nikon D300 နှင့် D3(DSLR) ကင်မရာများကို Nikon ၏နှစ်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်လုပ်လိုက်သော ကင်မရာများဖြစ်ကြောင်း၊ D300 ကင်မရာများသည် ၁၂သမဝ megapixelရှိ DX Format CMOS Sensor Camera များဖြစ်ကြောင်း၊ ISO ၂၀၀ မှ ၃၂၀၀ အထိရှိပြီး Boostor တင်ရိုက်လျှင် ISO ၁၀၀ မှ ၆၄၀၀အထိ ရိုက်နိုင်ကြောင်း၊ LCD Screen Size ၃ လက်မရှိပြီး (၉၂၀၀၀ pixel resolution) ဖြင့် Liveview ပါဝင်ကြောင်း၊ Expeed DX Processor အသုံးပြုပြီး ၁၄ bit နှင့် A/D Convert လုပ်ဆောင်ကြောင်း၊ ၅၁ point Autofocus system ဖြင့် ၆fps မှ ၈fps အထိပုံ ၁၀၀ကို တစ်ဆက်တည်း ရိုက်နိုင်ပြီး Self-cleaning Senosor Unit ပါဝင်ကြောင်း၊ D3 ကင်မရာများသည် ၁၂ ဒသမ ၁ megapixel ရှိ FX Frormat CMOS Image Sensor Camera များ ဖြစ်ကြောင်း၊ Full Fame FX,DX Format, ၅:၄ Format အမျိုးစားများကို အသုံးပြုနိုင်ကြောင်း၊ ISO ၂၀၀မှ၆၄၀၀ အထိရှိပြီး Boostor တင်ရိုက်လျှင် ၁၀၀မှ ၂၅၆၀၀ အထိ ရိုက်နိုင်ကြောင်း၊ LCD Screen Size ၃ လက်မရှိပြီး (၉၂၀၀၀၀ pixel resolution) ဖြင့် Liveview ပါဝင်ကြောင်း၊ ၅၁ point Autofocus system ဖြင့် ၉ fps (FX), ၉ fps (၅:၄), ၁၁fps (DX) အထိ တစ်ဆက်တည်း ရိုက်နိုင်သည်။

ဝယ်ယူရရှိနိုင်

Special Style Photo & Electronics မှ ဝယ်ယူသော ကင်မရာများအတွက် တစ်နှစ်အာမခံဖြင့် ရောင်းချပေးနေပြီး Nikon DSLRကင်မရာနှင့် အပျော့တမ်းရိုက် Cool Pix Digital ကင်မရာများကို Special Style Photo &Electronics(အရောင်းပြခန်းနှင့်ဝန်ဆောင်မှုဌာန)အမှတ်(W-1) ဂျိုးဖြူလမ်း အောင်ဆန်းကွင်း အနောက်ဘက်တန်း မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်မြို့တွင် ဝယ်ယူရရှိနိုင်ပြီး ဖုန်းနံပါတ် ၀၁-၃၈၆၃၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွာငယ်မြို့နယ် မြို့စံပြကျေးရွာသည် မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်နေ

ဆက်သွယ်ရေးစခန်းဖွင့်လှစ်ထားသဖြင့် အနယ်နယ်အရပ်ရပ်သို့ အချိန်မရွေးဆက်သွယ်နိုင်

တောင်ကြီး ဒီဇင်ဘာ ၁၉

ရန်ပြည်နယ်(တောင်ပိုင်း) ရွာငယ်မြို့နယ်တွင် စံပြကျေးရွာများ ထူထောင်၍ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာသည်။ ရွာငယ်မြို့နယ်သည် ရန်ပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းသို့ ဆက်စပ်သည့် မြို့နယ်ဖြစ်သော်လည်း မန္တလေးမြို့သို့သွားပါက ကလော–သာစည်လမ်းမ ကွေ့ပတ်သွားခဲ့ကြရပြီး ၁၉၉၈ ခုနှစ်က ဒေ့ခိုင်ကျော် ရှည်လျားသည့် ရွာငယ်–မြို့ကြီး–ဟဲမြင့်မိုရိုကတ္တရာလမ်းမကြီးကို နိုင်ငံတော်က တာဝန်ယူဖောက်လုပ်ပေးခဲ့သဖြင့် ရွာငယ်မြို့မှ မန္တလေးမြို့သို့ ၈၀မိုင်သာ ကွာဝေးခဲ့ပြီး နေ့ချင်းပြန်သွားလာလျက်ရှိကြသည်။

ရွာငယ်မြို့နယ်တွင် ကျောက်မြောင်း–ရေဦး စံပြကျေးရွာ၊ ကျောက်ကူပြင် စံပြကျေးရွာ၊ အလယ်ချောင်း စံပြကျေးရွာနှင့် မြင်းကျဒိုး စံပြကျေးရွာများ ထူထောင်ခဲ့ပြီး ဖြစ်သကဲ့သို့ ယခုအခါ အောင်ပန်း–ရွာလယ်မော်ရှိ မြို့ကျေးရွာကို စံပြကျေးရွာ အင်္ဂါရုပ်များနှင့်အညီ တိုးတက်ဖွံ့ဖြိုးလာပေပြီ။

စံပြကျေးရွာဖွင့်ပွဲ

မြို့စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက် ၈နာရီခွဲက ကျေးရွာအဝင် စံပြကျေးရွာဆိုင်းဘုတ်ရှေ့၌ ကျင်းပခဲ့သည်။ ထို့နောက် မြို့စံပြကျေးရွာ အဆြခံပညာအထက်တန်းကျောင်းခွဲမှ ပြည်ထောင်စုကြိုနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၀င် ကျောင်းသူများက စံပြကျေးရွာ ဆိုင်းဘုတ်အား ရွှေကြိုးခွဲ၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့စံပြကျေးရွာ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် ရင်ငြိမ်းပန်းမှကြွေကျောင်းတွင် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်စန်း၊ ကျေးရွာအသင်းခွဲဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အသင်း၀င်များက မူကြိုကျောင်း ကလေးငယ်များ၏ နေ့စဉ် လှုပ်ရှားဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး အဟာရဖုန့်များကို ဝေငှပေးကြသည်။ ထိုသို့ မူကြိုအရွယ် ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးနေသည့်အပြင် ရပ်ရွာပြည်သူ လူထုအား ပညာဗဟုသုတ တိုးပွားရေးအတွက် လူငယ်အားမာန် စာကြည့်တိုက်၊ ရပ်ရွာပညာသောဘွဲ့နများကိုလည်း ဖွင့်လှစ်ထားရှိသည်။

အထကကျောင်းခွဲ

မြို့စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲသည် ယခင်ကပျဉ်းကာ အဆောက်အအုံဖြင့် အခြေခံပညာအလယ်တန်းကျောင်းမှ ၁၉၉၉ ခုနှစ်တွင် အထက်တန်း ကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအဆောက်အအုံသစ်ကို ဆောက်လုပ်ခဲ့ရာ ဘုရင့်နောင်၊ ကျန်စစ်သား၊ ဗန္ဓုလ ကျောင်းဆောင်သစ်များအပြင် ယခုအခါ အနောက်ဌာန ကျောင်းဆောင်သစ်တစ်ခု ထပ်မံ ဆောက်လုပ်ခဲ့ကြသည်။ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယင်းနေ့မွန်းလွဲခနာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကား ပြောကြားပြီး မြို့နယ် ပညာရေးမှူး ဒေါ်သီဂီအေးက ပညာရေး တိုးတက်ဖွံ့ဖြိုးမှု အခြေအနေကို ရှင်းလင်း တင်ပြကာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းနိုင်က ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လေ့ထံ လွှဲပြောင်းပေးအပ်သည်။ မြို့စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသည် ကျောင်းသားကျောင်းသူ ၇၄၄ဦး ပညာသင်ကြားလျက်ရှိပြီး တက္ကသိုလ်ဝင် တန်းစာမေးပွဲသို့ နှစ်စဉ်ဝင်ရောက် ဖြေဆိုခဲ့ရာ ယခု၂၀၀၇ ခုနှစ်တွင် ဖြေဆိုသူ ၄၆ဦးတွင် အောင်မျက်ရာခိုင်နှုန်း ၄၅.၅သမ ဖြရာခိုင်နှုန်းရှိကြောင်း သိရသည်။

မြို့စံပြကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည့်ပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးရွာစည်ပင်သာယာရေးပုဂ္ဂိုလ်များအပြင် မြို့စည်ပင်သာယာဈေး၊ ကျေးရွာလမ်းနှင့် ကျေးရွာချောင်းဆက်လမ်းများ စသည်တို့ကို ဆောင်ရွက်ပေးလျက် ရှိပြီး သောက်သုံးရေရရှိရေးအတွက် ပွေးနွားရေထွက်မှ ရေပိုက်လိုင်းများ သွယ်တန်း၍ အိမ်များသို့ ရေဖြန့်ဝေပေးနိုင်ပြီး ဖြစ်သည်။

မြို့ကျေးရွာကို ခြစည်းရိုးကြက်ဆူ စံပြကျေးရွာအဖြစ် စတင်တည်ထောင်လျက်ရှိရာ ယခုအခါ ခြစည်းရိုးကြက်ဆူပင် ၇၇၉ကေကို တောင်သူ တစ်ဦးချင်းနှင့် ကျေးရွာပိုင် စိုက်ခင်းများ ထူထောင် စိုက်ပျိုးထားရှိပြီး ပျိုးပင် ငါးသိန်းကျော် ပျိုးထောင်ထားရှိသည်။

ရွာငယ်မြို့နယ်တွင် ကျေးရွာလျှပ်စစ် မီးလင်းရေးအတွက် အင်ဂျင်မီးစက်ဖြင့် ကျေးရွာတိုင်း မီးလင်းလျက်ရှိပြီး အချို့ကျေးရွာများတွင် ဒေသရှိ သဘာဝရေထွက်များကို အသုံးပြု၍ ရေအားလျှပ်စစ် တစ်ခုကို တည်ဆောက်ပြီးဖြစ်ရာ မြို့စံစံပြကျေးရွာသည် ၂၄နာရီ လျှပ်စစ်မီး ရရှိနေပေပြီ။ နေအိမ်တိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက်များရှိပြီး ညစဉ်ရုပ်မြင်သံကြား အစီအစဉ် ကြည့်ရှုနေကြပြီး ဆန်စက်၊ ဆီစက်များ ရှိပြီး လျှပ်စစ်မီး၊ မြင်းစက် စက်လည်ပတ်နိုင်ငြို ဖြစ်သည်။

မြို့စံပြကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ရာသီသီးနှံများဖြစ်သည်ဂျို၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ ပဲစဉ်းငုံစသည်တို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး နှစ်ရှည်ပင်များ

ဖြိုးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပစဉ် ကျောင်းဆောင်သစ်ကို ဒေါ်ခင်ခင်လှထံ ဤသို့လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖြစ်သည့် လိမ္မော်၊ ကော်ဖီ၊ လက်ဖက်၊ တည်း၊ ထောပတ်စသည့်နှစ်ရှည်စားပင်သီးပင်များ စိုက်ပျိုးထုတ်လုပ်လျက်ရှာမှတစ်ဆင့်လေး၊ ရန်ကုန်စသည့်အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက် ရှိသည်။

အဓိကသီးနှံ

အဓိကသီးနှံဖြစ်သည့် ယာစပါး စိုက်ပျိုးရာတွင် ဒေသဝန်းစာ ဖုလုံလျက်ရှိပြီး ဆီထွက်သီးနှံဖြစ်သည့် ပန်းနှမ်း၊ မြေပဲ၊နေကြော၊ ဆီမှန့်ညှင်း စသည့်သီးနှံများ စိုက်ပျိုးလျက်ရှိရာ စားသုံးဆီဖုလုံရှိသည့်အပြင် ယခုအခါ နိုင်ငံတော်အတွက် ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်စေရန် **"ဘာပဲစိုက်စိုက် နေကြာသီးညှပ်စိုက်"** ဟူ၍ အထွက်ကောင်းမျိုး နေကြာများလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိကြသည်။

လူမှုစီးပွားဘဝ

မြို့စံစံပြ ကျေးရွာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်း၊ စာတိုက်၊ကြေးနန်းဆက်သွယ်ရေးစခန်း တစ်ခုဖွင့်လှစ်ထားရှိသဖြင့် အနယ်နယ် အရပ်ရပ်သို့အချိန်မရွေးဆက်သွယ်ရေး ကောင်းမွန်လျက်ရှိရာ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့်ပြင် မြို့ပြနှင့်မခြားဘက်စုံ ဖွံ့ဖြိုး တိုးတက်နေပြီး လူမှုစီးပွားရေး ဘဝ ပိုမိုမြင့်မားလာကြောင်း မျက်ဝါးထင်ထင်ဆွေ့မြင်နေရပြီဖစ်ပါကြောင်း ကွင်းဆင်း လေ့လာရေးသား လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရွာငယ်မြို့နယ် မြို့စံပြကျေးရွာရှိ ကျေးရွာဥက္ကဋ္ဌ ဦးသန်းနိုင်၏ လိမ္မော်ဖြစ်စိုက်ခင်း။

ဖြိုးစံပြကျေးရွာ ဆိုင်းဘုတ်ကို ပြည်ထောင်စုကြိုနိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၀င်များက ဤသို့ ရွှေကြိုးခွဲဖွင့်လှစ်ပေးကြသည်။

သတင်းဌာနပါး - မေယမိ
စာတိုပို့မှတ်တမ်း - (ပြည်နယ် မြို့နှ/ဆက်)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

မန်ယူကခေါ်ယူမည့် လိုင်ယွန်တိုက်စစ်မှူး ဘင်ဇီမာ

ကိုးကားရေးသားသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဒီဇင်ဘာ ၁၉

ဒီနှစ်ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေကို ပစ်မှတ်ထားနေတဲ့ မန်ယူအသင်းဟာ လာမယ့် ဧန်နဝါရီလ အပြောင်းအရွှေ့ဈေးကွက်အဖွင့်မှာ ပြင်သစ်ကလပ် လိုင်ယွန်အသင်းက တိုက်စစ်မှူးဘင်ဇီမာကို ခေါ်ယူဖို့ကြိုးစားမယ်လို့ မန်ယူကလပ်က ဒီဇင်ဘာ ၁၉ ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။

လိုင်ယွန် တိုက်စစ်မှူး

မန်ယူအသင်းက ခေါ်ယူမည့် ပြင်သစ် ကလပ် လိုင်ယွန် အသင်းမှ တိုက်စစ်မှူး ဘင်ဇီမာ။

(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်အားဖြည့်

မန်ယူတိုက်စစ်မှာ လောလောဆယ် ရွန်နေ၊ တီဗက်ဇ်၊ ဆာဟာတို့ရှိနေပြီး တောင်ပံတိုက်စစ်မှာ စီရိုနယ်ဒိနဲ့ ရိုင်ယန်ဂစ်တို့ ရှိနေပါတယ်။ ဒါပေမယ့် အရေးကြီးတဲ့ပွဲစဉ်တွေမှာ ဒဏ်ရာအနာတရဖြစ်တတ်တဲ့ မန်ယူတိုက်စစ်မှူးတွေအတွက် တိုက်စစ် အရိုန်အဟုန်မပျက်အောင် အခုလို တိုက်စစ်အားဖြည့်ခြင်းပဲဖြစ်ပါတယ်။

မန်ယူကခေါ်ယူဖို့ပြင်ဆင်နေတဲ့ လိုင်ယွန်တိုက်စစ်မှူး ဘင်ဇီမာကို လေ့လာကြည့်တဲ့အခါ ပြင်သစ်နိုင်ငံမှာ ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှာ မွေးဖွားခဲ့သူဆိုတော့ အခုမှ အသက် ၂၀ ပဲရှိသေးတယ်။ လိုင်ယွန်ကလပ်ကို ၂၀၀၄-၂၀၀၅ ဘောလုံးရာသီမှာ စတင်ရောက်ရှိလာခဲ့တဲ့ ချာသီတိဖ်ဖြစ်ပြီး အဲဒီနှစ်မှာတော့ လိုင်ယွန်အတွက် လေးပွဲဝံကစားပေးခဲ့ပြီး ဂိုးတော့မသွင်းယူနိုင်ခဲ့ပါဘူး။

ခုနှစ်ဂိုးသွင်းယူပေးနိုင်

၂၀၀၅-၂၀၀၆ ခုနှစ်အတွင်းမှာ လိုင်ယွန်အတွက် အချိန်ပြည့် ငါးပွဲ ကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ လိုင်ယွန်အတွက် ၁၄ ပွဲကစားခဲ့ပြီး ခုနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

အဲဒီနှစ်မှာပဲ ဘင်ဇီမာရဲ့ တိုက်စစ်ခြေစွမ်းနဲ့ ဂိုးသွင်းစွမ်းရည်တွေကြောင့် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ခေါ်ယူကစားစေခဲ့တာမို့ ဘင်ဇီမာလည်း ပြင်သစ်လက်ရွေးစင်အသင်းမှာ ခြေစွမ်းပြခွင့်ရရှိခဲ့ပါတယ်။

ပြင်သစ် လက်ရွေးစင်အဖြစ်နဲ့ နိုင်ငံတကာခြေစမ်းပွဲတွေ ကစားတဲ့အခါမှာလည်း ဂိုးတွေသွင်းယူပေးနိုင်ခဲ့တဲ့အပြင် တစ်ဖက် ခံစစ်မှူးတွေကို ထိုးဖောက်ကျော်ဖြတ်ရာမှာလည်း အံ့ဓနိုင်းမှုတွေကြောင့် ပြင်သစ်နိုင်ငံရဲ့တွန်းတောက်လာမယ့်တိုက်စစ်မှူး တစ်ဦးအဖြစ် ခန့်မှန်းနေကြပါတယ်။

အပြိုင်အဆိုင်ကမ်းလှမ်း

ဘင်ဇီမာဟာ တစ်ဖက်အသင်း ခံစစ်မှူးတွေကို လိမ်ခေါက်ကျော်ဖြတ်မှု လျင်မြန်လွန်းတာကြောင့် တိုက်စစ်မြှားဦးအဖြစ် အသုံးတည့်တာမို့ အခုဆိုရင် ဥရောပထိပ်တန်းကလပ်အသင်းကြီးတွေက အပြိုင်အဆိုင် ကမ်းလှမ်းနေမှုကိုခံနေရတဲ့ လူငယ်တိုက်စစ်မှူး တစ်ဦးပါပဲ။

ဘင်ဇီမာရဲ့ ဂိုးသွင်းစွမ်းရည်ဖြင့် တက်လာမှုကိုကြည့်ရင် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ လိုင်ယွန်အတွက် ကို ၁၅ ပွဲ ကစားပေးပြီး ၁၂ ဂိုးသွင်းယူပေးနိုင်တာကြောင့် လူငယ်တိုက်စစ်မှူးတစ်ဦးရဲ့ ဂိုးသွင်းစွမ်းရည် ထက်မြက်မှုကို ဖော်ပြနေတာပါပဲ။

ဂိုးသွင်းမှုအများဆုံး

၁၂အပြင် ချန်ပီယံလိဂ်မှာ လိုင်ယွန်အတွက် ငါးပွဲကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူပေးထားသေးတာမို့ လိုင်ယွန်အတွက် စုစုပေါင်း ပွဲ၂၀ ကစားခဲ့တဲ့ နေရာ ၁၅ဂိုးသွင်းယူပေးထားနိုင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် လိုင်ယွန်အသင်းမှာတော့ ဒီနှစ်ဘောလုံးရာသီမှာ ဘင်ဇီမာဟာ ဂိုးသွင်း အများဆုံး ဘောလုံးသမားဖြစ်လာတော့မှာဆိုတာ သေချာနေပါတယ်။

နောက်ပြီး ပြင်သစ်လက်ရွေးစင်အဖြစ် ဒီနှစ် ယူရို ၂၀၀၈ ခြေစိမ့်ကစားခဲ့တဲ့အခါမှာ နှစ်ပွဲပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ဘင်ဇီမာရဲ့ ဂိုးသွင်းစွမ်းရည်ဟာ ထိပ်တန်းတိုက်စစ်မှူးတစ်ဦးရဲ့ အရည်အသွေးရှိကြောင်း ပြသနေပါတယ်။

ပြစ်ဒဏ်မရှိသလောက်

ဘင်ဇီမာရဲ့ထူးခြားချက်က ဘောလုံးကို လွတ်လွတ်ကင်းကင်းနဲ့ ကစားတတ်တာပဲဖြစ်ပါတယ်။ နောက်ပြီး ဘောလုံးကစားရာမှာလည်း လိမ္မာပါးနပ်စွာနဲ့ ကစားတတ်တဲ့အပြင် အမှားအယွင်းနည်းအောင်ကစားတတ်တာမို့ ဘင်ဇီမာကြောင့် ပေးရတဲ့ပြစ်ဒဏ်ဆိုတာ မရှိသလောက်ရှားပါတယ်။

ဂုဏ်ယူရိုးစဉ်လာ

ဘင်ဇီမာအနေနဲ့ ဒီနှစ်ခြေပေါ်အောင် ကစားနိုင်ခဲ့တဲ့ပွဲကတော့ ပြင်သစ်လိဂ်ပွဲစဉ်ဖြစ်တဲ့ မိန့်ဇ်အသင်းနဲ့ ကစားခဲ့တဲ့ပွဲပဲ ဖြစ်ပါတယ်။ ဒီပွဲမှာ ဘင်ဇီမာတစ်ဦးတည်း သုံးဂိုးသွင်းပြီး ဟက်ဒရစ်ရယူ နိုင်ခဲ့တာမို့ အသက် ၂၀အရွယ် လူငယ်တိုက်စစ်မှူး တစ်ဦးအတွက်ကတော့ ဂုဏ်ယူစရာ၊ ချီးမွမ်းစရာပါပဲ။

ဘင်ဇီမာရဲ့ ကစားပုံက ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုနဲ့ဆင်တူနေပါတယ်။ ခွန်အားသုံးပွ၊ လျင်မြန်မှုနဲ့ အဆုံးသတ် သေချာမှုတွေက ထပ်တူထပ်မျှနီးပါးဖြစ်နေတာမို့ မန်ယူနည်းပြ ဖာဂူဆန် သဘောကျပြီး လာမယ့် ဧန်နဝါရီ အပြောင်းအရွှေ့ ကာလမှာ ခေါ်ယူမယ်လို့ ဆိုနေပါတယ်။

လိုင်ယွန်နည်းပြ အလန်ပါရင်းတော့ ဘင်ဇီမာဟာ ပြင်သစ်ရဲ့ထိပ်တန်း တိုက်စစ်မှူးတစ်ဦးဖြစ်လာတော့မယ်လို့ ပြောကြားနေပါတယ်။ ဒီလို စွမ်းရည်ရှိတဲ့ ဘင်ဇီမာကို မန်ယူကရအောင် ခေါ်ယူဖို့ ဆိုတာလက်တွေ့မှာ အကောင်အထည်ပေါ်လာမှုမှီမရှိ စောင့်ကြည့်ရတော့မှာပါပဲဖြစ်ပါကြောင်း။ ။

အာဆင်နယ်နည်းပြ

